မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၅၂ ]    ရန်ကုန်မြို့ { ၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက် ( ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၅ ရက် ) } သောကြာနေ့    [ အတွဲ ၇၃

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၁/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၈ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးဇာနည်ဝင်း ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၂/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၆ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး** |
|---|---|
| | **ရာထူး၊ ဌာန** |
| (၁) ဦးညာဏ်ထွန်း | ညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးရာဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး |

**အမည်** **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး**
**ရာထူး၊ ဌာန**

(၂) ဦးဗိုလ်ဗိုလ်ကျော် ညွှန်ကြားရေးမှူးချုပ်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၁၃/၂၀၂၀)

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (သုတေသန) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုင်းကျော်နိုင်ဦး ကို နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၁၄/၂၀၂၀)

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ**
**၂၀၂၀ ပြည့်နှစ် ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး**
**ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၆ ရက် (မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်) (ကြာသပတေးနေ့) တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ၂၀၂၀ ပြည့်နှစ် ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ**

(၁) ဦးမြင့်ဆွေ နာယက
ဒုတိယသမ္မတ

(၂) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၃) ဥက္ကဋ္ဌ အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(၄) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(၅) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(၆) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၇) ဦးခင်မောင်ဝင်း အဖွဲ့ဝင်
ဒုတိယဝန်ကြီး
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(၈) ဦးအောင်မြင်ထွန်း အဖွဲ့ဝင်
ကောင်စီဝင်
နေပြည်တော်ကောင်စီ

(၉) ဒုတိယတိုင်းမှူး အဖွဲ့ဝင်
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(၁၀) ဒုတိယဝန်ကြီး အတွင်းရေးမှူး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၁) အမြဲတမ်းအတွင်းဝန် တွဲဖက်အတွင်းရေးမှူး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

**(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကထိန်လျှာသက်န်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ**

(၁) ဒုတိယဝန်ကြီး ဥက္ကဋ္ဌ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၂) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(၃) ရဲချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(၄) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မီးသတ်ဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(၅) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(၆) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
ပြန်ကြားရေးဝန်ကြီးဌာန

(၇) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သာသနာရေးဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၈) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၉) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၀) အမှုဆောင်အရာရှိချုပ် — အဖွဲ့ဝင်
မြန်မာအမျိုးသားလေကြောင်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၁၁) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(၁၂) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(၁၃) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုသရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(၁၄) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၁၅) ဦးစိုးဝင်း — အဖွဲ့ဝင်
ဌာနကြီးမှူး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၁၆) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၇) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အနုပညာဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၈) အလှည့်ကျသဘာပတိ — အဖွဲ့ဝင်
ဂေါပကအဖွဲ့
ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး

(၁၉) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၂၀) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၂၀ ပြည့်နှစ် ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို LED Board ဖြင့် ပူဇော်နိုင်အောင် ဆောင်ရွက်ရန်၊

(ခ) ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို စီစဉ်ညွှန်ကြားရန်၊

(ဂ) ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအတွက် ဖွဲ့စည်းပေးထားသည့် ဆပ်ကော်မတီအသီးသီး၏ လိုအပ်ချက်များအား ကူညီဖြည့်ဆည်းပေးရန်နှင့် ပေါင်းစပ်ညှိနှိုင်းပေးရန်၊

(ဃ) သံဃာတော်များ ကြွဆိုပင့်ဆောင်နေရာချထားရေး၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်နိုင်ရေး၊ သံဃာတော်များအား ဆက်ကပ်မည့်လှူဖွယ်ပစ္စည်းများ စီစဉ်ဆောင်ရွက်နိုင်ရေး၊ အရေးကြီးပုဂ္ဂိုလ်နှင့် ဧည့်သည်တော်များအား ကြိုဆိုဧည့်ခံကျွေးမွေးရေး၊ ပဒေသာပင်များ၊ သာသနာ့မဟာဗိမာန်တော်ကြီး တွင် ပြင်ဆင်ထားရှိမှု စသည်တို့ လစ်ဟာမှု မရှိစေရေးအတွက် ကြိုတင်စစ်ဆေးပြီး ဆပ်ကော်မတီ အသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရန်။

၃။ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့သည် လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သော ဆပ်ကော်မတီ များကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၁၅/၂၀၂၀)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးအောင်ကျော်ဇံ<br>ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) | ဦးဆန်းမြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများ<br>မော်ကွန်းတိုက်ဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန |

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|
| (ဂ) ဦးထွန်းဇော် ညွှန်ကြားရေးမှူးချုပ် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ဗဟိုစာရင်းအင်းအဖွဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမော်ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁၀) အထည်စက်ရုံ (တောင်သာ) မှ စက်ရုံမှူး ဦးအောင်နိုင်ဦး ကို အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၂၀)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၉/၂၀၂၀ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁-၃-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၆ အရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် အား အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ရာ ၎င်းသည် ၈-၁၁-၂၀၂၀ ရက်နေ့တွင် အငြိမ်းစားယူမည်ဖြစ်သဖြင့် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦး အား အမြဲတမ်းအတွင်းဝန်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဦးသိန်းဌေးဦး သည် ညွှန်ကြားရေးမှူးချုပ် အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့် တာဝန်များအပြင် ဆိုင်ရာဦးစီးဌာန၏ တာဝန်များကို ပူးတွဲတာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ကျပ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ် အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

**အမျိုးသားစာကြည့်တိုက်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သော **အမျိုးသားစာကြည့်တိုက်ဥပဒေ** (၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၄။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး

ညွှန်ကြားရေးမှူးချုပ်

ပြည်ထောင်စုလွှတ်တော်ရုံး

**အမျိုးသားစာကြည့်တိုက်ဥပဒေ**

**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄။)**

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **အမျိုးသားစာကြည့်တိုက်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစာကြည့်တိုက်** ဆိုသည်မှာ ဝန်ကြီးဌာနက ဤဥပဒေအရ တည်ထောင်သည့်အမျိုးသားစာကြည့်တိုက်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေမပြဋ္ဌာန်းမီက တည်ထောင်ဖွင့်လှစ်ခဲ့သော အမျိုးသားစာကြည့်တိုက်များလည်း ပါဝင်သည်။

(ခ) **အမျိုးသားစာကြည့်တိုက်ခွဲ** ဆိုသည်မှာ သက်ဆိုင်ရာအမျိုးသားစာကြည့်တိုက်၏ ကြီးကြပ်အုပ်ချုပ်မှုအောက်တွင်ရှိသည့် စာကြည့်တိုက်များကို ဆိုသည်။

(ဂ) **စာပေအနုပညာပစ္စည်း** ဆိုရာတွင် ပေစာ၊ ပုရပိုက်စာ၊ လက်ရေးစာ၊ လက်နှိပ်စက်မူ၊ စာအုပ်၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ လက်ကမ်းစာစောင်၊ မြေပုံ၊ မိုက်ကရိုဖလင်၊ ဂီတသင်္ကေတများ၊ ဓာတ်ပုံများ၊ ရုပ်ရှင်ဖလင်များ၊ ဓာတ်ပြားများ၊ ဗီဒီယိုနှင့် အသံသွင်းတိပ်ခွေများ၊ စာရွက်၊ ဖလင်၊ အီလက်ထရောနစ်နှင့် အခြားပစ္စည်းများကို အသုံးပြု၍ မှတ်တမ်းတင်ထားသောပစ္စည်းများ၊ ယင်းတို့ကို ပြန်လည်ပြုပြင်ထုတ်လုပ်ထားသော ပစ္စည်းများအပါအဝင် ပုံစံအမျိုးမျိုးဖြင့် ရေးသား၊ ပုံနှိပ်၊ ရေးထွင်း၊ ရေးဆွဲ၊ အသံသွင်းထားသော စာပေအနုပညာနှင့်သက်ဆိုင်သည့်ပစ္စည်းများ ပါဝင်သည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနကို ဆိုသည်။

(စ) **ကြီးကြပ်မှုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသည့် အမျိုးသားစာကြည့်တိုက် ကြီးကြပ်မှုအဖွဲ့ကို ဆိုသည်။

(ဆ) **ထုတ်ဝေစာ** ဆိုသည်မှာ လက်ရေးစာ၊ ပုံနှိပ်စာ၊ အီလက်ထရောနစ်နှင့် အခြားနည်းပညာတစ်ရပ်ရပ်ဖြင့် ဖန်တီး၍ထုတ်ဝေလိုက်သည့်စာတို့အပြင် ယင်းတို့နှင့် အမျိုးအစားတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ထင်ရှားမြင်သာသော ပုံသဏ္ဌာန်ရှိသည့်အရာ သို့မဟုတ် ပုံအားဖြင့်သော်လည်းကောင်း၊

သင်္ကေတအားဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်းအားဖြင့်သော်လည်းကောင်း စကားလုံးများကိုဖြစ်စေ၊ အတွေးအခေါ်များကိုဖြစ်စေ သိရှိစေနိုင်သည့်အရာများနှင့် သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်များကို ဆိုသည်။

(ဇ) **ထုတ်ဝေသူ** ဆိုသည်မှာ ထုတ်ဝေစာတစ်ခုခုကို စီးပွားရေးအကျိုးအမြတ်ရယူ၍သော်လည်းကောင်း၊ မရယူဘဲသော်လည်းကောင်း ထုတ်ဝေသည့်သူကို ဆိုသည်။ ယင်းစကားရပ်တွင် ထုတ်ဝေသည့်လုပ်ငန်းလုပ်ကိုင်သူနှင့်စပ်လျဉ်းသည့် အစုစပ် (Partnership)၊ ကုမ္ပဏီ (Company)၊ မိသားစုလုပ်ငန်း (Family Business) သို့မဟုတ် အသင်းအဖွဲ့၏ သက်ဆိုင်ရာ စီမံအုပ်ချုပ်သော အစုရှင်၊ ဥက္ကဋ္ဌ၊ မန်နေဂျင်းဒါရိုက်တာ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်လည်းပါဝင်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားစာကြည့်တိုက်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုပီပြင်စွာ ဆောင်ရွက်နိုင်ရန်၊

(ခ) အမျိုးသားစာကြည့်တိုက်များကို အများပြည်သူ လေ့လာသုတေသနပြု အသုံးပြုနိုင်ရေးအတွက် နိုင်ငံ၏ စာပေအသိဉာဏ် အမွေအနှစ်များကို စုဆောင်းထိန်းသိမ်းသည့် မြန်မာ့အမျိုးသားစာပေစု အမွေအနှစ်ဗဟိုဌာန ဖြစ်လာစေရန်၊

(ဂ) ပြည်တွင်းထုတ် ထုတ်ဝေစာများနှင့်ပတ်သက်သော အကြောင်းအရာအချက်အလက်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီဖြစ်စေရန်၊

(ဃ) ပြည်တွင်းပြည်ပမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် ဆက်သွယ်၍ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## ကြီးကြပ်မှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ဝန်ကြီးဌာနသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဌာနဆိုင်ရာများမှ စာကြည့်တိုက်ပညာ ကျွမ်းကျင်သူနှစ်ဦးနှင့် ခြောက်ဦးထက်မပိုသော စာကြည့်တိုက်ပညာ ပြင်ပကျွမ်းကျင်သူများက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အမျိုးသားစာကြည့်တိုက် ညွှန်ကြားရေးမှူး (စာကြည့်တိုက်မှူး) က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သော အမျိုးသားစာကြည့်တိုက် ကြီးကြပ်မှုအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကြီးကြပ်မှုအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကြီးကြပ်မှုအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံ၏ အမျိုးသားစာပေစု အမွေအနှစ်များကို စုဆောင်း၍ ခေတ်မီနည်းပညာရပ်များဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် တိုးတက်ပြန့်ပွားစေရန် မူဝါဒများချမှတ်ခြင်း၊

(ခ) စာကြည့်တိုက်စာစုများ (Library Collections) တိုးပွားစေရေးနှင့် စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်းပြည်ပမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ပြည်တွင်းရှိ စာကြည့်တိုက်များကို စာကြည့်တိုက်လုပ်ငန်းဆိုင်ရာ ဦးဆောင်မှုများပေးခြင်း၊

(ဃ) အမျိုးသားစာကြည့်တိုက်၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်မြင့်မား၍ စွမ်းဆောင်ရည်ပြည့်ဝစေရန် မူဝါဒများချမှတ်ခြင်းနှင့် ကြီးကြပ်လမ်းညွှန်ခြင်း၊

(င) နိုင်ငံတော်အတွင်း စာကြည့်တိုက်အသုံးပြုမှု တိုးတက်ရေးနှင့် စာဖတ်စွမ်းရည်မြင့်မားရေးအတွက် အမျိုးသားစာကြည့်တိုက်များကို လိုအပ်သည့် လမ်းညွှန်မှုများပေးခြင်း။

၆။ ကြီးကြပ်မှုအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်း၌ ထုတ်ဝေသော စာပေအနုပညာပစ္စည်းများကို ဥပဒေနှင့်အညီ ရယူထိန်းသိမ်းခြင်း (National Depository)၊

(ခ) စာကြည့်တိုက်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်တွင်း ပြည်ပစာကြည့်တိုက်များ၊ စာကြည့်တိုက် အဖွဲ့အစည်းများနှင့် သဘောတူစာချုပ်များချုပ်ဆိုခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်အရ ဆောင်ရွက်ခြင်း၊

(ဂ) ပြင်ပသို့ရောက်ရှိနေသော အမျိုးသားစာကြည့်တိုက်ပိုင် စာပေအနုပညာပစ္စည်းများကို အမျိုးသား စာကြည့်တိုက်သို့ ပြန်လည်ပေးပို့ထိန်းသိမ်းနိုင်စေရန် ဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်း ပြည်ပရှိ အခြားစာကြည့်တိုက်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း၊

(င) စာကြည့်တိုက်လုပ်ငန်း စွမ်းရည်မြင့်မားရေးအတွက် ပြည်တွင်း ပြည်ပ သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများသို့ အမျိုးသားစာကြည့်တိုက်ဝန်ထမ်းများကို ရွေးချယ် စေလွှတ်ခြင်း။

## အခန်း (၄)
## အမျိုးသားစာကြည့်တိုက် ဖွဲ့စည်းတည်ထောင်ခြင်း

၇။ ဝန်ကြီးဌာနသည် အမျိုးသားစာကြည့်တိုက်ကို အောက်ပါရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ထောင် ရမည် -

(က) ပြည်တွင်းထုတ် ထုတ်ဝေစာများနှင့် ရှားပါးစာပေအနုပညာပစ္စည်းများ၊ လက်ရေးစာများအားလုံးကို ပြည့်စုံအောင်စုဆောင်း၍ ပြည်တွင်း ပြည်ပသုတေသီများနှင့် ပြည်သူလူထုတစ်ရပ်လုံး ရည်ညွှန်း ကိုးကား အသုံးပြုနိုင်စေရန်၊

(ခ) ရှေးဟောင်းစာပေ၊ စာပေအနုပညာပစ္စည်းများ၊ နိုင်ငံတကာမှထုတ်ဝေသော မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့်စာစုများ၊ တိုင်းရင်းသားလူမျိုးများဆိုင်ရာ စာစုများကို ပြည့်စုံအောင်စုဆောင်း၍ အမျိုးသားစာပေစုအဖြစ် ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ဂ) စာကြည့်တိုက်လုပ်ငန်းများကို စာကြည့်တိုက်ပညာရပ်များနှင့်အညီ စနစ်တကျရှိစေရန်နှင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရန်။

၈။ (က) ဝန်ကြီးဌာနသည် နိုင်ငံတော်အတွင်း သင့်လျော်သည့်ဒေသတွင် အမျိုးသားစာကြည့်တိုက်ခွဲများ ဖွဲ့စည်းတည်ထောင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းတည်ထောင်သော အမျိုးသားစာကြည့်တိုက်ခွဲများသည် သက်ဆိုင်ရာ အမျိုးသားစာကြည့်တိုက်၏ ကြီးကြပ်အုပ်ချုပ်မှုကို ခံယူရမည်။

## အခန်း (၅)
## အမျိုးသားစာကြည့်တိုက်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ အမျိုးသားစာကြည့်တိုက်၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်နှင့်သက်ဆိုင်သည့် စာစုများ၊ တိုင်းရင်းသားလူမျိုးများအားလုံး၏ စာပေအနုပညာ ပစ္စည်းများအပါအဝင် အမျိုးသားစာပေစု အမွေအနှစ်များကို စုဆောင်း၍ ခေတ်မီနည်းပညာရပ် များဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် တိုးတက်ပြန့်ပွားစေခြင်း၊

(ခ) ပညာရပ်အမျိုးမျိုးနှင့် ဘာသာစကားအမျိုးမျိုးမှ အသိပညာဗဟုသုတ တိုးပွားစေနိုင်သော၊ စာပေ ယဉ်ကျေးမှုနှင့် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို ထင်ဟပ်စေနိုင်သော၊ ဉာဏ်ရည် ဉာဏ်သွေးနှင့်တီထွင်ဖန်တီးမှုစွမ်းရည်ကို မြင့်မားစေနိုင်သော စာပေအနုပညာပစ္စည်းများကို ရယူ စုဆောင်းခြင်း၊

(ဂ) စာပေအနုပညာပစ္စည်းများဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း၊

(ဃ) စာကြည့်တိုက်များအတွက် စာကြည့်တိုက်စနစ်များနှင့် စာကြည့်တိုက်လုပ်ငန်းဆိုင်ရာ လမ်းညွှန်၊ လက်စွဲစာအုပ်များ ပြုစုထုတ်ဝေခြင်း၊

(င) စာကြည့်တိုက်လုပ်ငန်းနှင့် စာကြည့်တိုက်ဆိုင်ရာ အသိပညာ၊ အတတ်ပညာ ပြန့်ပွားရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများအပါအဝင် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်ခြင်း၊

(စ) စာကြည့်တိုက်အသုံးပြုမှု မြင့်မားလာရေးနှင့် စာဖတ်စွမ်းရည် မြင့်မားလာရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဆ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းသာမက နိုင်ငံတကာမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့်ဆက်သွယ်၍ စာကြည့်တိုက်စာစုများ တိုးပွားစေရေးနှင့် စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဇ) ပြည်တွင်း၌ထုတ်ဝေမည့် စာပေအနုပညာပစ္စည်းများအတွက် စာကြည့်တိုက်သုံး ကက်တလောက် (Cataloguing in Publication) ကိုပြုစုပေးခြင်း၊

(ဈ) ပြည်တွင်း၌ထုတ်ဝေမည့် စာအုပ်နှင့် စာနယ်ဇင်းများအတွက် နိုင်ငံတကာအသိအမှတ်ပြု စာအုပ်အမှတ် (International Standard Book Number-ISBN) နှင့် နိုင်ငံတကာအသိအမှတ်ပြု စာနယ်ဇင်းအမှတ် (International Standard Serial Number-ISSN) လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း။

၁၀။ အမျိုးသားစာကြည့်တိုက်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပြည်တွင်း၌ ထုတ်ဝေသော စာပေအနုပညာပစ္စည်းများကို ဥပဒေနှင့်အညီ ရယူထိန်းသိမ်းရေး (National Depository) ဆောင်ရွက်ခြင်း၊

(ခ) အမျိုးသားစာကြည့်တိုက်၏ အဆောက်အအုံ၊ ပရိဘောဂနှင့် စာပေအနုပညာပစ္စည်းများကို သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အသုံးပြုခြင်း၊

(ဂ) အမျိုးသားစာကြည့်တိုက်က စုဆောင်းထိန်းသိမ်းရန် လိုအပ်မည့် စာပေအနုပညာပစ္စည်းများကို သတ်မှတ်ထားသော စာပေအနုပညာပစ္စည်း စုဆောင်းရေးမူဝါဒနှင့်အညီ ဝယ်ယူစုဆောင်းခြင်း၊ စနစ်တကျနေရာချထားခြင်း၊ ခေတ်မီနည်းပညာဖြင့် ထိန်းသိမ်းခြင်း၊ အများပြည်သူအသုံးပြုခွင့် ပေးခြင်း၊

(ဃ) ပြည်တွင်း ပြည်ပမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် စာပေအနုပညာပစ္စည်း လဲလှယ်ရေး အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(င) ပြည်တွင်း ပြည်ပမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် စဉ်ဆက်မပြတ် ဆက်သွယ်၍ မြန်မာနိုင်ငံစာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စာကြည့်တိုက်မှူးများ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် သင်တန်းများ၊ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများပြုလုပ်ခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း။

## အခန်း (၆)

## စာပေအနုပညာပစ္စည်းများ ရယူစုဆောင်းခြင်း

၁၁။ ကြီးကြပ်မှုအဖွဲ့သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအပါအဝင် ပြည်တွင်း၌ထုတ်ဝေသော မည်သည့်စာပေအနုပညာပစ္စည်းကိုမဆို အမျိုးသားစာကြည့်တိုက်ပိုင် စာပေအနုပညာပစ္စည်းအဖြစ် ရယူစုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကို အောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ရမည်-

(က) စာပေအနုပညာပစ္စည်းများအား နိုင်ငံတော်၏ စာပေစုအမွေအနှစ်အဖြစ် စုဆောင်းခြင်း၊

(ခ) စုဆောင်းရရှိထားသည့် စာပေအနုပညာပစ္စည်းများ မပျောက်မပျက်စေရေးအတွက် ခေတ်မီနည်းပညာများဖြင့် ပြုပြင်ထိန်းသိမ်းခြင်း၊

(ဂ) စာပေအနုပညာပစ္စည်းများ၏ ပြည့်စုံသော အမျိုးသားစာစုစာရင်း (National Bibliography) ကို ပြုစုထုတ်ဝေခြင်း။

၁၂။ (က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအပါအဝင် ထုတ်ဝေသူသည် နိုင်ငံတော်အတွင်း ထုတ်ဝေသမျှသော ပုံနှိပ်နှင့် ပုံနှိပ်မဟုတ်သော စာပေအနုပညာပစ္စည်းများကို ထုတ်ဝေရောင်းချမည့် အရည်အသွေးအတိုင်း ပြည့်စုံစွာ ပါဝင်စေလျက် ထုတ်ဝေသည့်နေ့မှ တစ်လအတွင်း ငါးအုပ်၊ ငါးစောင် သို့မဟုတ် ငါးခုကို အမျိုးသားစာကြည့်တိုက်သို့ အခမဲ့ပေးပို့ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရန် ပျက်ကွက်သဖြင့် စီမံခန့်ခွဲမှု ပြစ်ဒဏ်စီရင်ခြင်းခံရပြီး ဖြစ်စေကာမူ ထုတ်ဝေသူသည် ၎င်းပေးပို့ရန် ပျက်ကွက်သော စာပေအနုပညာပစ္စည်းကို မူလအတိုင်းဖြစ်စေ၊ ပြန်လည်ပုံနှိပ်ထုတ်ဝေ၍ဖြစ်စေ ပုဒ်မခွဲ (က) တွင် သတ်မှတ်ထားသည့် အရေအတွက်အတိုင်း အမျိုးသားစာကြည့်တိုက်သို့ ပေးပို့ရမည်။

၁၃။ အမျိုးသားစာကြည့်တိုက်သည် လိုအပ်ပါက ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) အရ ပေးပို့သော စာပေအနုပညာပစ္စည်းများအနက် နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးအတွက် အရေးကြီးသော စာပေအနုပညာပစ္စည်းများကို ရွေးချယ်သတ်မှတ်ပြီး စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ အသွင်ပြောင်းလဲ၍ အမျိုးသားစာကြည့်တိုက်တွင် ရေရှည်တည်တံ့စေရန် ထိန်းသိမ်းနိုင်သည်။

၁၄။ အမျိုးသားစာကြည့်တိုက်သည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) အရ ပေးပို့သော စာပေအနုပညာပစ္စည်းများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) စနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်း၊

(ခ) တိုက်ပိုင်မှတ်ပုံတင်စာရင်း သီးခြားထားရှိ၍ ရေးသွင်းမှတ်တမ်းတင်ခြင်း၊

(ဂ) အမျိုးသားစာပေစု အမွေအနှစ်အဖြစ် ထိန်းသိမ်းနိုင်ရေးအတွက် စာပေအနုပညာပစ္စည်းများ၏ တစ်မျိုးစီကို အမြဲတမ်းသိမ်းဆည်းခြင်း၊

(ဃ) အမျိုးသားစာစုစာရင်းကို ပြုစုထုတ်ဝေခြင်း။

## အခန်း (၇)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၅။ ကြီးကြပ်မှုအဖွဲ့သည်-

(က) အမျိုးသားစာကြည့်တိုက် သို့မဟုတ် အမျိုးသားစာကြည့်တိုက်ခွဲပိုင် စာပေအနုပညာပစ္စည်းများကို ခွင့်ပြုချက်မရှိဘဲ အမျိုးသားစာကြည့်တိုက် သို့မဟုတ် အမျိုးသားစာကြည့်တိုက်ခွဲ၏ ပြင်ပသို့ ယူဆောင်သူကို ကျပ်တစ်ဆယ်သိန်း ဒဏ်ကြေးချမှတ်ရမည်။

(ခ) အမျိုးသားစာကြည့်တိုက် သို့မဟုတ် အမျိုးသားစာကြည့်တိုက်ခွဲပိုင် စာပေအနုပညာပစ္စည်းများကို ခွင့်ပြုချက်မရှိဘဲ တစ်နည်းနည်းဖြင့် မိတ္တူကူးယူခြင်း၊ မူပွားခြင်း၊ အသွင်ပြောင်းကူးယူခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်း ပြုလုပ်သူကို ကျပ်တစ်ဆယ်သိန်း ဒဏ်ကြေးချမှတ်ရမည်။

(ဂ) စာပေအနုပညာပစ္စည်းများကို ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်နှင့်အညီ ပေးပို့ရန် ပျက်ကွက်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်း သို့မဟုတ် ထုတ်ဝေသူကို ကျပ်သုံးသိန်း ဒဏ်ကြေးချမှတ်ရမည်။

၁၆။ ကြီးကြပ်မှုအဖွဲ့သည်-

(က) ပုဒ်မ ၁၅ အရ ချမှတ်ထားသည့် ဒဏ်ကြေးငွေများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

(ခ) ပုဒ်မ ១၅ အရ ချမှတ်ထားသည့် ဒဏ်ကြေးငွေများကို ပေးဆောင်ခြင်းမရှိသည့် မည်သူ့ကိုမဆို သက်ဆိုင်ရာဥပဒေများနှင့်အညီ အရေးယူနိုင်ရန် ဆက်လက်ဆောင်ရွက်ရမည်။

**အခန်း (၈)**

**အထွေထွေ**

၁၇။ ဝန်ကြီးဌာနသည် အမျိုးသားစာကြည့်တိုက်တွင် ထားရှိသင့်သည်ဟု ကြီးကြပ်မှုအဖွဲ့က သဘောတူဆုံးဖြတ်သော မည်သည့်စာပေအနုပညာပစ္စည်းကိုမဆို မူလပိုင်ရှင်၏ ခွင့်ပြုချက်ဖြင့် ကူးယူ၍ဖြစ်စေ၊ သင့်လျော်သောနှုန်းဖြင့်ဝယ်ယူ၍ဖြစ်စေ၊ အခမဲ့ဖြစ်စေ၊ အမျိုးသားစာကြည့်တိုက်သို့ လွှဲပြောင်းထိန်းသိမ်းစေရန် ဆောင်ရွက်နိုင်သည်။

၁၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကြီးကြပ်မှုအဖွဲ့ဝင်များသည် ဝန်ကြီးဌာနက ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ခွင့်ပြုသောစရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၁၉။ ဦးစီးဌာနသည် ကြီးကြပ်မှုအဖွဲ့၏ ရုံးလုပ်ငန်းကိစ္စများကို တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ကြီးကြပ်မှုအဖွဲ့၏ အသုံးစရိတ်များကိုလည်း ကျခံရမည်။

၂၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကြီးကြပ်မှုအဖွဲ့တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

**၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သော **၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ** (၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ
# (၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ။)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

## နိဒါန်း

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကိုဗဟိုပြု၍ အားလုံး ပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏စီးပွားရေးမူဝါဒများ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာ များ၊ လုပ်ငန်းစဉ်များနှင့်အညီ စနစ်တကျအကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက် နေ့မှ စတင် အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန/ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စု အစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကိုအခြေခံသော စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံ ဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက် စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ဘဏ္ဍာနှစ်** ဆိုသည်မှာ အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမ (၆) လပတ် အကောင်အထည် ဖော်နိုင်မှုနှင့် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ် ခန့်မှန်းထားခြင်းဖြစ်သည်။

(င) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်းအရ ၆.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ-

(၁) လယ်ယာကဏ္ဍတွင် ၂.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၃.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၁၁.၀ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၀.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၂.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၇.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၂.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၆.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၉.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၈.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၃.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၉.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇.၁ ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ-

(၁) ကချင်ပြည်နယ်တွင် ၄.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) ကယားပြည်နယ်တွင် ၅.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ကရင်ပြည်နယ်တွင် ၅.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) ချင်းပြည်နယ်တွင် ၄.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၇.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၃.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ပဲခူးတိုင်းဒေသကြီးတွင် ၆.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) မကွေးတိုင်းဒေသကြီးတွင် ၇. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) မန္တလေးတိုင်းဒေသကြီးတွင် ၄. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) မွန်ပြည်နယ်တွင် ၅. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ရခိုင်ပြည်နယ်တွင် ၄. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၇. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ရှမ်းပြည်နယ်တွင် ၄. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၄. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၇. ၂ ရာခိုင်နှုန်း တိုးတက်ရန်။

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၀. ၆ ရာခိုင်နှုန်းမှ ၁၉. ၈ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈. ၇ ရာခိုင်နှုန်းမှ ၃၉. ၃ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၀. ၇ ရာခိုင်နှုန်းမှ ၄၀. ၉ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(င) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၉၀,၂၈၂. ၄ ဘီလီယံ ဖြစ်ပေါ်စေရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၇. ၂၆ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀. ၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၂. ၇၃ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊

(ဆ) နှစ်အလိုက်ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို အမေရိကန်ဒေါ်လာ ၁၆,၂၀၀. ၀ သန်း တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို အမေရိကန်ဒေါ်လာ ၁၈,၅၀၀. ၀ သန်း တင်သွင်းရန်၊

(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၂,၀၉၇,၁၈၇ မှ ကျပ် ၂,၂၈၄,၉၇၀ သို့ ဖြစ်ပေါ်လာရန်။

## အခန်း (၃)
## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) နှင့် (၇) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်းအကောင်အထည်ဖော်ကြရန်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ မဟာဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက်စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ကာလတို ၅ နှစ် စီမံကိန်း၌ ထည့်သွင်းရေးဆွဲပြီးမှ နှစ်စဉ်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရ ဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်းဘဏ်အတွင်း ထည့်သွင်းစိစစ်အတည်ပြုထားသည့် ဗျူဟာမြောက်စီမံကိန်းများကို ကာလတို ၅ နှစ် စီမံကိန်းတွင် မပါရှိသော်လည်း နှစ်စဉ်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြခွင့်ရှိသည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန်ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်။

၁၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပူးတွဲ-၁

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
## ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၂၀,၄၂၇,၅၁၇. ၅** | **၂၂. ၀** | **၂. ၈** | **၂၀,၉၆၁,၉၃၃. ၁** | **၂၁. ၃** | **၂. ၆** |
| | ၁ | လယ်ယာ | ၁၃,၂၃၇,၄၄၄. ၃ | ၁၄. ၂ | ၂. ၇ | ၁၃,၅၃၃,၇၅၅. ၁ | ၁၃. ၇ | ၂. ၂ |
| | ၂ | သားငါး | ၇,၁၂၆,၆၆၂. ၉ | ၇. ၇ | ၃. ၂ | ၇,၃၇၁,၇၂၁. ၃ | ၇. ၅ | ၃. ၄ |
| | ၃ | သစ်တော | ၆၃,၄၁၀. ၃ | ၀. ၁ | -၁၁. ၈ | ၅၆,၄၅၆. ၇ | ၀. ၁ | -၁၁. ၀ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၃၃,၅၂၄,၉၈၉. ၆** | **၃၆. ၁** | **၄. ၄** | **၃၅,၇၁၉,၆၉၀. ၈** | **၃၆. ၂** | **၆. ၅** |
| | ၁ | စွမ်းအင် | ၃,၀၉၄,၇၃၆. ၈ | ၃. ၃ | -၅. ၃ | ၃,၁၀၅,၃၃၆. ၈ | ၃. ၁ | ၀. ၃ |
| | ၂ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၈၇၉,၇၁၁. ၄ | ၁. ၀ | -၃. ၈ | ၈၉၈,၃၄၆. ၃ | ၀. ၉ | ၂. ၁ |
| | ၃ | စက်မှုလက်မှု | ၂၂,၁၆၀,၅၈၈. ၀ | ၂၃. ၈ | ၅. ၈ | ၂၃,၇၃၉,၄၆၂. ၇ | ၂၄. ၁ | ၇. ၁ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၄၅၆,၇၀၅. ၁ | ၁. ၆ | ၅. ၆ | ၁,၆၄၁,၀၁၆. ၆ | ၁. ၇ | ၁၂. ၇ |
| | ၅ | ဆောက်လုပ်မှု | ၅,၉၃၃,၂၄၈. ၃ | ၆. ၄ | ၅. ၆ | ၆,၃၃၅,၅၂၈. ၄ | ၆. ၄ | ၆. ၈ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၃၉,၀၅၀,၁၄၈. ၀** | **၄၁. ၉** | **၅. ၁** | **၄၁,၉၂၈,၇၀၄. ၈** | **၄၂. ၅** | **၇. ၄** |
| | ၁ | ပို့ဆောင်ရေး | ၁၁,၂၂၁,၁၃၈. ၃ | ၁၂. ၁ | ၅. ၀ | ၁၂,၁၁၂,၇၇၂. ၆ | ၁၂. ၃ | ၇. ၉ |
| | ၂ | ဆက်သွယ်ရေး | ၂,၅၃၂,၃၃၁. ၇ | ၂. ၇ | ၉. ၃ | ၂,၇၆၃,၇၇၂. ၀ | ၂. ၈ | ၉. ၁ |
| | ၃ | ငွေရေးကြေးရေး | ၄၁၆,၄၁၅. ၃ | ၀. ၄ | ၆. ၀ | ၄၅၂,၃၅၀. ၇ | ၀. ၄ | ၈. ၆ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၃,၂၈၂,၇၅၃. ၆ | ၃. ၅ | ၃. ၅ | ၃,၄၀၇,၇၅၅. ၄ | ၃. ၅ | ၃. ၈ |
| | ၅ | အခြားဝန်ဆောင်မှု | ၂,၈၉၉,၂၁၁. ၆ | ၃. ၁ | ၃. ၄ | ၃,၁၇၀,၁၀၁. ၂ | ၃. ၂ | ၉. ၃ |
| | ၆ | ကုန်သွယ်မှု | ၁၈,၆၉၈,၂၉၇. ၅ | ၂၀. ၁ | ၅. ၂ | ၂၀,၀၂၁,၉၅၂. ၉ | ၂၀. ၃ | ၇. ၁ |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၉၃,၀၀၂,၆၅၅. ၁** | **၁၀၀. ၀** | **၄. ၃** | **၉၈,၆၁၀,၃၂၈. ၇** | **၁၀၀. ၀** | **၆. ၀** |

ပူးတွဲ-၂

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
## ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၅၃,၉၅၂,၅၀၇. ၁** | **၅၈. ၁** | **၃. ၈** | **၅၆,၆၈၁,၆၂၃. ၉** | **၅၇. ၅** | **၅. ၁** |
| | ၁ | လယ်ယာ | ၁၃,၂၃၇,၄၄၄. ၃ | ၁၄. ၂ | ၂. ၇ | ၁၃,၅၃၃,၇၅၅. ၁ | ၁၃. ၇ | ၂. ၂ |
| | ၂ | သားငါး | ၇,၁၂၆,၆၆၂. ၉ | ၇. ၇ | ၃. ၂ | ၇,၃၇၁,၇၂၀. ၃ | ၇. ၅ | ၃. ၄ |
| | ၃ | သစ်တော | ၆၃,၄၁၀. ၃ | ၀. ၁ | -၁၁. ၈ | ၅၆,၄၅၆. ၇ | ၀. ၁ | -၁၁. ၀ |
| | ၄ | စွမ်းအင် | ၃,၀၉၄,၇၃၆. ၈ | ၃. ၃ | -၅. ၃ | ၃,၁၀၅,၃၃၆. ၈ | ၃. ၁ | ၀. ၃ |
| | ၅ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၈၇၉,၇၁၁. ၄ | ၁. ၀ | -၃. ၈ | ၈၉၈,၃၄၆. ၃ | ၀. ၉ | ၂. ၁ |
| | ၆ | စက်မှုလက်မှု | ၂၂,၁၆၀,၅၈၈. ၀ | ၂၃. ၈ | ၅. ၈ | ၂၃,၇၃၉,၄၆၂. ၇ | ၂၄. ၁ | ၇. ၁ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁,၄၅၆,၇၀၅. ၁ | ၁. ၆ | ၅. ၆ | ၁,၆၄၁,၀၁၆. ၆ | ၁. ၇ | ၁၂. ၇ |
| | ၈ | ဆောက်လုပ်မှု | ၅,၉၃၃,၂၄၈. ၃ | ၆. ၄ | ၅. ၆ | ၆,၃၃၅,၅၂၈. ၄ | ၆. ၄ | ၆. ၈ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၂၀,၃၅၁,၈၅၀. ၅** | **၂၁. ၈** | **၅. ၀** | **၂၁,၉၀၆,၇၅၁. ၉** | **၂၂. ၂** | **၇. ၆** |
| | ၁ | ပို့ဆောင်ရေး | ၁၁,၂၂၁,၁၃၈. ၃ | ၁၂. ၁ | ၅. ၀ | ၁၂,၁၁၂,၇၇၂. ၆ | ၁၂. ၃ | ၇. ၉ |
| | ၂ | ဆက်သွယ်ရေး | ၂,၅၃၂,၃၃၁. ၇ | ၂. ၇ | ၉. ၃ | ၂,၇၆၃,၇၇၂. ၀ | ၂. ၈ | ၉. ၁ |
| | ၃ | ငွေရေးကြေးရေး | ၄၁၆,၄၁၅. ၃ | ၀. ၄ | ၆. ၀ | ၄၅၂,၃၅၀. ၇ | ၀. ၄ | ၈. ၆ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၃,၂၈၂,၇၅၃. ၆ | ၃. ၅ | ၃. ၅ | ၃,၄၀၇,၇၅၅. ၄ | ၃. ၅ | ၃. ၈ |
| | ၅ | အခြားဝန်ဆောင်မှု | ၂,၈၉၉,၂၁၁. ၆ | ၃. ၁ | ၃. ၄ | ၃,၁၇၀,၁၀၁. ၂ | ၃. ၂ | ၉. ၃ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၈,၆၉၈,၂၉၇. ၅** | **၂၀. ၁** | **၅. ၂** | **၂၀,၀၂၁,၉၅၂. ၉** | **၂၀. ၃** | **၇. ၁** |
| **၄** | | **စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၉၃,၀၀၂,၆၅၅. ၁** | **၁၀၀. ၀** | **၄. ၃** | **၉၈,၆၁၀,၃၂၈. ၇** | **၁၀၀. ၀** | **၆. ၀** |

ပူးတွဲ-၃

# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏
# စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
# (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁,၈၂၆,၄၃၁. ၁ | ၂. ၀ | ၂. ၀ | ၁,၉၀၉,၇၅၄. ၇ | ၁. ၉ | ၄. ၆ |
| ၂ | ကယားပြည်နယ် | ၃၁၀,၆၀၆. ၆ | ၀. ၃ | ၄. ၁ | ၃၂၈,၂၂၈. ၀ | ၀. ၃ | ၅. ၇ |
| ၃ | ကရင်ပြည်နယ် | ၁,၆၇၉,၉၂၂. ၆ | ၁. ၈ | ၄. ၉ | ၁,၇၆၃,၂၇၅. ၂ | ၁. ၈ | ၅. ၀ |
| ၄ | ချင်းပြည်နယ် | ၃၄၁,၃၈၉. ၀ | ၀. ၄ | ၅. ၇ | ၃၅၅,၀၈၃. ၁ | ၀. ၄ | ၄. ၀ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀,၉၆၃,၃၇၄. ၆ | ၁၁. ၈ | ၅. ၈ | ၁၁,၇၅၄,၁၃၀. ၄ | ၁၁. ၉ | ၇. ၂ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၇၃၀,၁၈၆. ၈ | ၄. ၀ | ၀. ၅ | ၃,၈၄၀,၆၁၁. ၅ | ၃. ၉ | ၃. ၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၇,၆၁၃,၁၄၂. ၀ | ၈. ၂ | ၅. ၆ | ၈,၀၇၅,၀၆၀. ၄ | ၈. ၂ | ၆. ၁ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇,၁၂၄,၀၉၂. ၉ | ၇. ၇ | ၄. ၇ | ၇,၆၇၀,၁၇၁. ၈ | ၇. ၈ | ၇. ၇ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၉,၇၅၂,၇၇၅. ၅ | ၁၀. ၅ | ၁. ၇ | ၁၀,၁၉၈,၇၂၉. ၀ | ၁၀. ၄ | ၄. ၆ |
| ၁၀ | မွန်ပြည်နယ် | ၃,၇၇၇,၃၄၈. ၈ | ၄. ၁ | ၄. ၈ | ၃,၉၉၀,၂၃၀. ၁ | ၄. ၀ | ၅. ၆ |
| ၁၁ | ရခိုင်ပြည်နယ် | ၃,၉၀၇,၁၂၁. ၆ | ၄. ၂ | ၀. ၇ | ၄,၀၈၂,၁၁၇. ၆ | ၄. ၁ | ၄. ၅ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၃,၄၈၂,၄၅၉. ၀ | ၂၅. ၂ | ၅. ၇ | ၂၅,၂၂၃,၁၀၇. ၆ | ၂၅. ၆ | ၇. ၄ |
| ၁၃ | ရှမ်းပြည်နယ် | ၅,၄၅၁,၂၄၀. ၇ | ၅. ၉ | ၄. ၉ | ၅,၇၁၇,၅၉၀. ၀ | ၅. ၈ | ၄. ၉ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၁,၀၂၀,၉၂၆. ၆ | ၁၁. ၈ | ၃. ၂ | ၁၁,၅၃၄,၈၇၄. ၆ | ၁၁. ၇ | ၄. ၇ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၂,၀၂၁,၆၃၇. ၃ | ၂. ၁ | ၆. ၉ | ၂,၁၆၇,၃၆၄. ၇ | ၂. ၂ | ၇. ၂ |

ပူးတွဲ-၄

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
## ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၂၃,၆၁၈,၄၂၃.၆** | **၂၀.၆** | **၂၄,၉၆၄,၁၇၅.၈** | **၁၉.၈** | **၅.၇** |
| | ၁ | လယ်ယာ | ၁၄,၉၇၈,၇၅၈.၀ | ၁၃.၁ | ၁၅,၅၂၄,၈၆၅.၇ | ၁၂.၃ | ၃.၆ |
| | ၂ | သားငါး | ၈,၅၆၀,၉၃၃.၂ | ၇.၄ | ၉,၃၆၈,၅၇၀.၈ | ၇.၄ | ၉.၄ |
| | ၃ | သစ်တော | ၇၈,၇၃၂.၄ | ၀.၁ | ၇၀,၇၃၉.၃ | ၀.၁ | -၁၀.၂ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၄၄,၂၇၉,၂၄၃.၈** | **၃၈.၇** | **၄၉,၃၇၂,၅၄၅.၆** | **၃၉.၃** | **၁၁.၅** |
| | ၁ | စွမ်းအင် | ၄,၆၀၅,၄၀၄.၀ | ၄.၀ | ၄,၇၁၂,၀၀၉.၇ | ၃.၈ | ၂.၃ |
| | ၂ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၉၉၈,၆၀၇.၄ | ၀.၉ | ၁,၀၄၈,၁၈၆.၂ | ၀.၈ | ၅.၀ |
| | ၃ | စက်မှုလက်မှု | ၂၉,၁၈၁,၈၂၃.၈ | ၂၅.၅ | ၃၂,၈၃၀,၉၂၂.၃ | ၂၆.၁ | ၁၂.၅ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၂,၀၄၆,၅၅၁.၁ | ၁.၈ | ၂,၃၈၄,၄၀၅.၄ | ၁.၉ | ၁၆.၅ |
| | ၅ | ဆောက်လုပ်မှု | ၇,၄၄၆,၈၅၇.၅ | ၆.၅ | ၈,၃၉၇,၀၂၂.၀ | ၆.၇ | ၁၂.၈ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၄၆,၅၆၄,၆၉၅.၇** | **၄၀.၇** | **၅၁,၄၆၆,၈၆၁.၉** | **၄၀.၉** | **၁၀.၅** |
| | ၁ | ပို့ဆောင်ရေး | ၁၂,၆၆၀,၅၈၄.၄ | ၁၁.၁ | ၁၃,၈၀၃,၄၅၇.၁ | ၁၁.၀ | ၉.၀ |
| | ၂ | ဆက်သွယ်ရေး | ၂,၂၃၂,၉၁၃.၆ | ၂.၀ | ၂,၃၉၆,၉၂၆.၈ | ၁.၉ | ၇.၃ |
| | ၃ | ငွေရေးကြေးရေး | ၄၁၆,၄၁၅.၃ | ၀.၄ | ၄၄၈,၁၂၇.၄ | ၀.၃ | ၇.၆ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၃,၅၈၂,၅၅၂.၀ | ၃.၁ | ၃,၇၂၀,၈၁၄.၆ | ၃.၀ | ၃.၉ |
| | ၅ | အခြားဝန်ဆောင်မှု | ၃,၇၀၆,၇၂၂.၉ | ၃.၂ | ၄,၂၈၅,၀၁၁.၅ | ၃.၄ | ၁၅.၆ |
| | ၆ | ကုန်သွယ်မှု | ၂၃,၉၆၅,၅၀၇.၅ | ၂၀.၉ | ၂၆,၈၁၂,၅၂၄.၅ | ၂၁.၃ | ၁၁.၉ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၁၁၄,၄၆၂,၃၆၁.၁** | **၁၀၀.၀** | **၁၂၅,၈၀၃,၅၈၁.၃** | **၁၀၀.၀** | **၉.၉** |

ပူးတွဲ-၅

**၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း**
**ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၆၇,၈၉၇,၆၆၇. ၄** | **၅၉. ၃** | **၇၄,၃၃၆,၇၂၁. ၄** | **၅၉. ၁** | **၉. ၅** |
| | ၁ | လယ်ယာ | ၁၄,၉၇၈,၇၅၈. ၀ | ၁၃. ၁ | ၁၅,၅၂၄,၈၆၅. ၇ | ၁၂. ၃ | ၃. ၆ |
| | ၂ | သားငါး | ၈,၅၆၀,၉၃၃. ၂ | ၇. ၄ | ၉,၃၆၈,၅၇၀. ၈ | ၇. ၄ | ၉. ၄ |
| | ၃ | သစ်တော | ၇၈,၇၃၂. ၄ | ၀. ၁ | ၇၀,၇၃၉. ၃ | ၀. ၁ | -၁၀. ၂ |
| | ၄ | စွမ်းအင် | ၄,၆၀၅,၄၀၄. ၀ | ၄. ၀ | ၄,၇၁၂,၀၀၉. ၇ | ၃. ၈ | ၂. ၃ |
| | ၅ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၉၉၈,၆၀၇. ၄ | ၀. ၉ | ၁,၀၄၈,၁၈၆. ၂ | ၀. ၈ | ၅. ၀ |
| | ၆ | စက်မှုလက်မှု | ၂၉,၁၈၁,၈၂၃. ၈ | ၂၅. ၅ | ၃၂,၈၃၀,၉၂၂. ၃ | ၂၆. ၁ | ၁၂. ၅ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၂,၀၄၆,၅၅၁. ၁ | ၁. ၈ | ၂,၃၈၄,၄၀၅. ၄ | ၁. ၉ | ၁၆. ၅ |
| | ၈ | ဆောက်လုပ်မှု | ၇,၄၄၆,၈၅၇. ၅ | ၆. ၅ | ၈,၃၉၇,၀၂၂. ၀ | ၆. ၇ | ၁၂. ၈ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၂၂,၅၉၉,၁၈၈. ၂** | **၁၉. ၈** | **၂၄,၆၅၄,၃၃၇. ၄** | **၁၉. ၆** | **၉. ၁** |
| | ၁ | ပို့ဆောင်ရေး | ၁၂,၆၆၀,၅၈၄. ၄ | ၁၁. ၁ | ၁၃,၈၀၃,၄၅၇. ၁ | ၁၁. ၀ | ၉. ၀ |
| | ၂ | ဆက်သွယ်ရေး | ၂,၂၃၂,၉၁၃. ၆ | ၂. ၀ | ၂,၃၉၆,၉၂၆. ၈ | ၁. ၉ | ၇. ၃ |
| | ၃ | ငွေရေးကြေးရေး | ၄၁၆,၄၁၅. ၃ | ၀. ၄ | ၄၄၈,၁၂၇. ၄ | ၀. ၃ | ၇. ၆ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၃,၅၈၂,၅၅၂. ၀ | ၃. ၁ | ၃,၇၂၀,၈၁၄. ၆ | ၃. ၀ | ၃. ၉ |
| | ၅ | အခြားဝန်ဆောင်မှု | ၃,၇၀၆,၇၂၂. ၉ | ၃. ၂ | ၄,၂၈၅,၀၁၁. ၅ | ၃. ၄ | ၁၅. ၆ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၂၃,၉၆၅,၅၀၇. ၅** | **၂၀. ၉** | **၂၆,၈၁၂,၅၂၄. ၅** | **၂၁. ၃** | **၁၁. ၉** |
| ၄ | | **စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၁၁၄,၄၆၂,၃၆၃. ၁** | **၁၀၀. ၀** | **၁၂၅,၈၀၃,၅၈၃. ၃** | **၁၀၀. ၀** | **၉. ၉** |

ပူးတွဲ-၆

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏
## စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၂,၁၆၆,၃၆၇. ၁ | ၁. ၉ | ၂,၃၃၄,၀၀၆. ၅ | ၁. ၉ | ၇. ၇ |
| ၂ | ကယားပြည်နယ် | ၃၆၉,၂၆၀. ၇ | ၀. ၃ | ၄၀၄,၂၁၁. ၈ | ၀. ၃ | ၉. ၅ |
| ၃ | ကရင်ပြည်နယ် | ၂,၀၄၁,၄၅၄. ၀ | ၁. ၈ | ၂,၂၀၂,၂၃၀. ၈ | ၁. ၇ | ၇. ၉ |
| ၄ | ချင်းပြည်နယ် | ၄၁၂,၂၂၇. ၆ | ၀. ၄ | ၄၄၄,၈၈၁. ၅ | ၀. ၄ | ၇. ၉ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၃,၄၅၂,၁၄၉. ၆ | ၁၁. ၇ | ၁၅,၀၁၇,၂၃၃. ၀ | ၁၁. ၉ | ၁၁. ၆ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၄,၅၇၂,၄၇၈. ၇ | ၄. ၀ | ၄,၈၈၁,၆၇၃. ၆ | ၃. ၉ | ၆. ၈ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၉,၁၁၁,၉၈၂. ၂ | ၈. ၀ | ၁၀,၀၁၃,၅၉၅. ၂ | ၈. ၀ | ၉. ၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၈,၆၅၆,၀၀၆. ၁ | ၇. ၆ | ၉,၆၇၃,၂၄၂. ၈ | ၇. ၇ | ၁၁. ၈ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁,၈၉၉,၂၀၆. ၁ | ၁၀. ၄ | ၁၂,၈၉၄,၂၆၀. ၆ | ၁၀. ၂ | ၈. ၄ |
| ၁၀ | မွန်ပြည်နယ် | ၄,၅၉၇,၅၂၄. ၄ | ၄. ၀ | ၄,၉၈၄,၅၉၀. ၃ | ၄. ၀ | ၈. ၄ |
| ၁၁ | ရခိုင်ပြည်နယ် | ၄,၇၇၈,၂၅၇. ၄ | ၄. ၂ | ၅,၁၀၀,၄၂၀. ၇ | ၄. ၀ | ၆. ၇ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၉,၆၇၅,၉၁၄. ၀ | ၂၅. ၉ | ၃၃,၂၁၇,၈၈၇. ၅ | ၂၆. ၄ | ၁၁. ၉ |
| ၁၃ | ရှမ်းပြည်နယ် | ၆,၅၇၉,၉၇၂. ၃ | ၅. ၇ | ၇,၁၄၄,၆၅၁. ၄ | ၅. ၇ | ၈. ၆ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၃,၈၂၈,၂၇၄. ၁ | ၁၂. ၁ | ၁၄,၉၃၂,၄၆၉. ၆ | ၁၁. ၉ | ၈. ၀ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၂,၃၂၁,၂၈၈. ၈ | ၂. ၀ | ၂,၅၅၈,၂၂၈. ၀ | ၂. ၀ | ၁၀. ၂ |

ပူးတွဲ-၇

**၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း**
**ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်**

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | ၁၀,၃၉၅,၃၁၅. ၃ | ၃၀. ၁၇ | ၁၀,၁၅၃,၄၄၁. ၅ | ၂၇. ၂၆ |
| ၂ | သမဝါယမပိုင် | ၄,၁၁၇. ၃ | ၀. ၀၁ | ၄,၄၀၂. ၄ | ၀. ၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၂၄,၀၆၀,၇၃၂. ၆ | ၆၉. ၈၂ | ၂၇,၀၉၆,၁၆၀. ၇ | ၇၂. ၇၃ |
| | စုစုပေါင်း | ၃၄,၄၆၀,၃၆၅. ၂ | ၁၀၀. ၀၀ | ၃၇,၂၅၄,၀၀၄. ၆ | ၁၀၀. ၀၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၉၂၅/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၁ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရမြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့်ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်အေးလဲ့စန္ဒီမြင့် တ/၃၂၅၈ | ပျော်ဘွယ် မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒေါ်ချိုဧကရီဆွေ တ/၃၃၂၄ | ဖျာပုံ ဧရာဝတီတိုင်းဒေသကြီး |
| ၃။ | ဒေါ်ခင်မာသီ တ/၃၃၇၀ | စစ်ကိုင်း စစ်ကိုင်းတိုင်းဒေသကြီး |
| ၄။ | ဒေါ်ဘွမ်ဝါးရာ တ/၃၃၇၆ | အမရပူရ မန္တလေးတိုင်းဒေသကြီး |
| ၅။ | ဒေါ်အေးငြိမ်းပြည့် တ/၃၃၈၄ | လသာ ရန်ကုန်တိုင်းဒေသကြီး |

| **အမှတ်စဉ်** | **အမည်နှင့်ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၆။ | ဒေါ်အိမ့်မှူးခင်<br>တ/၃၃၉၈ | မြို့နယ်တရားရုံး (စည်ပင်သာယာ)<br>ဒဂုံမြို့သစ် (တောင်ပိုင်း)<br>ရန်ကုန်တိုင်းဒေသကြီး |
| ၇။ | ဦးနေမျိုးကျော်<br>တ/၃၄၁၆ | ကျောက်တံခါး<br>ပဲခူးတိုင်းဒေသကြီး |
| ၈။ | ဒေါ်သားရဲ<br>တ/၃၄၈၀ | ကလေး<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၉။ | ဒေါ်မြတ်သီရိလှိုင်<br>တ/၃၄၈၂ | မော်လမြိုင်ကျွန်း<br>ဧရာဝတီတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

## ၂၀၂၀ ပြည့်နှစ်၊ တင်သွင်းလွှာအမှတ်-၁

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၃ ရက်)

ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးတင်မောင်မြင့်၊ ဦးမြင့်ဝင်း၊ ဦးမျိုးမြင့်၊ ဦးခင်မောင်ချို၊ ဒေါ်ခင်ဌေးကြွယ်၊ ဦးတွာလ်ကျင်ပေါင်၊ ဒေါ်လှမျိုးနွယ်၊ ဦးကျော်ဆန်း တို့ရှေ့တွင်-

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၇ ရက်

| | |
|---|---|
| တင်သွင်းသူ | - ဦးအယ်လ်ဖောင်းရှို<br>ဝန်ကြီးချုပ်<br>ကယားပြည်နယ်အစိုးရအဖွဲ့ |
| အကျိုးသက်ဆိုင်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်း | - ဥက္ကဋ္ဌ<br>ကယားပြည်နယ်လွှတ်တော် |
| တင်သွင်းလွှာတင်သွင်းသူအတွက် | - ဒေါ်မင်းမင်းစိုး<br>တရားလွှတ်တော်ရှေ့နေ |
| အကျိုးသက်ဆိုင်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းအတွက် | - ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေးကိုယ်တိုင် |
| ရုံးတော်သဟာယ | - ပြည်ထောင်စုရှေ့နေချုပ်ကိုယ်စား<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး<br>ညွှန်ကြားရေးမှူးချုပ် ဒေါ်ဖြူမာဝေ |

## စီရင်ချက်

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အပေါ် စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန်" နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၁၅ (က) နှင့်အညီ နိုင်ငံတော်သမ္မတမှတစ်ဆင့် ဤတင်သွင်းလွှာကို တင်သွင်းသည်။

တင်သွင်းလွှာတွင် ကယားပြည်နယ်ဝန်ကြီးချုပ်ကို စွပ်စွဲပြစ်တင်ရာ၌ လွှတ်တော်ကိုယ်စားလှယ် ငါးဦးက စွပ်စွဲချက်ကို အဆိုအဖြစ် လက်မှတ်ရေးထိုး တင်သွင်းခဲ့သော်လည်း ၂၀၁၄ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများ နည်းဥပဒေ ၁၂၃ အရ လွှတ်တော်နည်းဥပဒေပါ နည်းလမ်းများအတိုင်း အဆိုကို ဆွေးနွေးခြင်း၊ ဆန္ဒရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် ငါးဦးအနက် ဦးသိန်းအောင်(ခ)ဦးစဲရယ် နုတ်ထွက်သွားသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ အနည်းဆုံး လေးပုံတစ်ပုံ ပြည့်မီခြင်းမရှိတော့သည့်အခြေအနေတွင် စွပ်စွဲချက်ကို ဆက်လက်စုံစမ်းစစ်ဆေးခြင်းသည် မှန်ကန်ခြင်း ရှိမရှိ ရှင်းလင်းစေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃ ပုဒ်မခွဲ (ခ)ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးသင့်ကြောင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် စွပ်စွဲပြစ်တင်ရာ၌ ပါဝင်သူ သုံးဦးကို ထည့်သွင်းဖွဲ့စည်းထားသောကြောင့် စွပ်စွဲသူကိုယ်တိုင်က မိမိစွပ်စွဲတိုင်ကြားသည့်အမှုတွင် စုံစမ်းစစ်ဆေးသူအဖြစ် ဆောင်ရွက်ရာရောက်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃ ပုဒ်မခွဲ (ဂ)ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးသင့်ကြောင်း အဓိကအားဖြင့် ဖော်ပြသည်။

ယင်းတင်သွင်းလွှာအပေါ် တင်သွင်းခံရသူ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှင်းလင်းလွှာ တင်သွင်းသည်။

ရှင်းလင်းလွှာတွင် ဦးအယ်လ်ဖောင်းရှိုအပေါ် စွပ်စွဲပြစ်တင်ခြင်းကို ကယားပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပြီး ၃-၉-၂၀၂၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတက အမိန့်အမှတ် (၂၄/၂၀၂၀) ဖြင့် ဦးအယ်လ်ဖောင်းရှို ကို ပြည်နယ်ဝန်ကြီးချုပ်တာဝန်မှ ရပ်စဲခဲ့ပြီးဖြစ်ကြောင်း၊ သို့ပါ၍ ဦးအယ်လ်ဖောင်းရှိုအနေဖြင့် ပြည်နယ်ဝန်ကြီးချုပ်တာဝန်မရှိတော့သောကြောင့် တင်သွင်းလွှာတင်သွင်းခွင့်ရှိသူမဟုတ်ကြောင်း၊ စွပ်စွဲပြစ်တင်ခြင်းကိစ္စနှင့်စပ်လျဉ်း၍ အဆိုကိုဆွေးနွေးခြင်း၊ လွှတ်တော်၏ဆန္ဒရယူခဲ့ခြင်းမရှိဟူသော တင်သွင်းလွှာပါဖော်ပြချက်သည် မည်သည့်ဥပဒေကို ရည်ညွှန်းအဆိုပြုခြင်းဖြစ်သည်ကို မသိရကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃ တွင် ယင်းသို့ပြုလုပ်ရန် ဖော်ပြထားခြင်းမရှိကြောင်း၊ ကယားပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများ နည်းဥပဒေ ၁၂၃ နှင့်အညီ လွှတ်တော်ကဆောင်ရွက်ခဲ့ခြင်းသာဖြစ်ကြောင်း၊ စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၁၂၃ တွင် သီးသန့်ပြဋ္ဌာန်းထားခြင်းမရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်ဟုသာ ဖော်ပြထားကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃ တွင်လည်း စွပ်စွဲပြစ်တင်ခြင်းကို မည်သို့ဆောင်ရွက်ရမည်ဟု ရှင်းလင်းစွာပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ အနည်းဆုံး လေးပုံတစ်ပုံ မပြည့်ဆိုသောကိစ္စမှာ တင်သွင်းသူ၏ စွပ်စွဲချက်သာဖြစ်ကြောင်း၊ လေးပုံတစ်ပုံ ပြည့်မီမှုရှိ၍သာ လွှတ်တော်က ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ဥပဒေပြုအာဏာပိုင်များက ပြုလုပ်သောဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ညီညွတ်မှုရှိ မရှိ စိစစ်ခွင့်ရှိသော်လည်း ဥပဒေပြုအာဏာပိုင်များ၏ ဆောင်ရွက်ချက်ကိုမူကား စိစစ်ခွင့်မရှိကြောင်း၊ ယခုတင်သွင်းလွှာအမှုတွင် နိုင်ငံတော်သမ္မတကို တင်သွင်းခံရသူအဖြစ် ထည့်သွင်းရန်လိုအပ်ကြောင်း စသည်ဖြင့် ဖော်ပြသည်။

တင်သွင်းလွှာနှင့် ရှင်းလင်းလွှာတို့အရ အောက်ပါဆုံးဖြတ်ချက်ပြဿနာများ ပေါ်ပေါက်သည်-

(၁) ဦးအယ်လ်ဖောင်းရှို ကို နိုင်ငံတော်သမ္မတက ၃-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် (၂၄/၂၀၂၀) ဖြင့် ပြည်နယ်ဝန်ကြီးချုပ်တာဝန်မှ ရပ်စဲပြီးဖြစ်သဖြင့် ၎င်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တင်သွင်းလွှာ တင်သွင်းခွင့်ရှိသူ ဟုတ် မဟုတ်။

(၂) စွပ်စွဲပြစ်တင်သူ ၅ ဦးအနက် ဦးသိန်းအောင်(ခ) ဦးစဲရယ် နုတ်ထွက်သွားသည့်အတွက် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ အနည်းဆုံး လေးပုံတစ်ပုံ ပြည့်မီခြင်းမရှိတော့သည့်အခြေအနေတွင် စွပ်စွဲချက်ကို ဆက်လက်စုံစမ်းစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃(ခ) ကို အနည်အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်ခြင်း ရှိ မရှိ။

သို့မဟုတ်

အခြားအကြောင်းများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃(ခ) ကို အနက်အဓိပ္ပာယ် ဖွင့်ဆိုရန် လိုအပ်ခြင်း ရှိ မရှိ။

(၃) ဦးအယ်လ်ဖောင်းရှိုအပေါ် စွပ်စွဲပြစ်တင်ချက်ကို စုံစမ်းစစ်ဆေးနိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် စွပ်စွဲပြစ်တင်ရာတွင်ပါဝင်သည့် လွှတ်တော်ကိုယ်စားလှယ် ၃ ဦးကို စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် ထည့်သွင်းဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃(ဂ) ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်ခြင်း ရှိ မရှိ။

သို့မဟုတ်

အခြားအကြောင်းများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃(ဂ) ကို အနက်အဓိပ္ပာယ် ဖွင့်ဆိုရန် လိုအပ်ခြင်း ရှိ မရှိ။

ပြဿနာ(၁)နှင့်စပ်လျဉ်း၍ တင်သွင်းသူ၏ရှေ့နေက တင်သွင်းသူသည် ကယားပြည်နယ်ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်နေစဉ်ကာလဖြစ်သော ၃၁-၈-၂၀၂၀ ရက်နေ့တွင် တင်သွင်းလွှာကို နိုင်ငံတော်သမ္မတထံသို့ ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းတင်သွင်းလွှာကို နိုင်ငံတော်သမ္မတက ခုံရုံးသို့ဆက်လက် ပေးပို့ခဲ့ခြင်းဖြစ်သဖြင့် ဦးအယ်လ်ဖောင်းရှိုသည် ကယားပြည်နယ်ဝန်ကြီးချုပ်ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၆ ပုဒ်မခွဲ (က)နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၄ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များအရ တင်သွင်းလွှာ တင်သွင်းခွင့်ရှိသူဖြစ်ကြောင်း၊ ခုံရုံးသို့ တင်သွင်းလွှာတင်သွင်းခဲ့ပြီးနောက်တွင်မှ နိုင်ငံတော်သမ္မတ၏အမိန့်ဖြင့် ပြည်နယ်ဝန်ကြီးချုပ်တာဝန်မှ ရပ်စဲခံရခြင်းဖြစ်ကြောင်း အဓိကအားဖြင့် လျှောက်လဲတင်ပြသည်။

တင်သွင်းခံရသူက နိုင်ငံတော်သမ္မတရုံးက ၃-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် (၂၄/၂၀၂၀) ဖြင့် ဦးအယ်လ်ဖောင်းရှို ကို ဝန်ကြီးချုပ်တာဝန်မှ ရပ်စဲကြောင်း ဖော်ပြထားသဖြင့် အမိန့်ထုတ်သည့်နေ့တွင် ချက်ချင်းအာဏာတည်သောကြောင့် ဦးအယ်လ်ဖောင်းရှိုသည် ၃-၉-၂၀၂၀ ရက်နေ့မှစ၍ ဝန်ကြီးချုပ်တာဝန်မှ ရပ်စဲခံရပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ၃-၉-၂၀၂၀ ရက်နေ့တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ဝန်ကြီးချုပ်တစ်ဦးအနေဖြင့် တင်သွင်းခွင့်မရှိသည်မှာ မြင်သာကြောင်း စသည်ဖြင့် လျှောက်လဲတင်ပြသည်။

ရုံးတော်သဟာယအဖြစ်ဆောင်ရွက်သော ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၆(က)နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၁၅(က)တို့အရ ပြည်နယ်ဝန်ကြီးချုပ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ရယူရန် နိုင်ငံတော်သမ္မတမှတစ်ဆင့် ခုံရုံးသို့တင်သွင်းခွင့်ရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း၊ တင်သွင်းသူသည် ပြည်နယ်ဝန်ကြီးချုပ်တစ်ဦးဖြစ်ပြီး ၃၁-၈-၂၀၂၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတထံသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ရယူနိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ရယူနိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၅(က) နှင့်အညီ တင်သွင်းလွှာကို နိုင်ငံတော်သမ္မတထံတင်ပြခဲ့ပြီး နိုင်ငံတော်သမ္မတက ၃-၉-၂၀၂၀ ရက်နေ့တွင် ခုံရုံးသို့တင်ပြခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ပြဿနာ(က)နှင့်စပ်လျဉ်းပြီး တင်သွင်းသူသည် ဤတင်သွင်းလွှာကို ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ဆဲကာလတွင် နိုင်ငံတော်သမ္မတမှတစ်ဆင့် တင်သွင်းရမည့်နည်းလမ်းအတိုင်း တင်သွင်းခဲ့ခြင်းဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းလွှာ တင်သွင်းခွင့်ရှိသူဖြစ်သည်ဟု သုံးသပ်ရရှိကြောင်း၊ တင်သွင်းခံရသူ၏ ရှင်းလင်းလွှာတွင် နိုင်ငံတော်သမ္မတကို တင်သွင်းခံရသူအဖြစ် ထည့်သွင်းစေသင့်ကြောင်း တင်ပြထားချက်ရှိရာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၅နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၄၃ တို့အရ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း မိမိအား အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်မှု သို့တည်းမဟုတ် ကျင့်သုံးဆောင်ရွက်သည့်အနေဖြင့် ပြုခဲ့သော ပြုလုပ်မှုအတွက် မည်သည့်လွှတ်တော်၊ မည်သည့်တရားရုံးတွင်မျှ ဖြေရှင်းရန် တာဝန်မရှိစေရဟု ပြဋ္ဌာန်းထားသဖြင့် နိုင်ငံတော်သမ္မတကို တင်သွင်းခံရသူအဖြစ် ထည့်သွင်းရန် တင်ပြချက်မှာ ဥပဒေနှင့်ညီညွတ်မှုမရှိဟု သုံးသပ်ရရှိကြောင်း တင်ပြသည်။

ဆုံးဖြတ်ရန် ပြဿနာ (၁) မှာ "ဦးအယ်လ်ဖောင်းရှို ကို နိုင်ငံတော်သမ္မတက ၃-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် (၂၄/၂၀၂၀) ဖြင့် ပြည်နယ်ဝန်ကြီးချုပ်တာဝန်မှ ရပ်စဲပြီးဖြစ်သဖြင့် ၎င်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းလွှာ တင်သွင်းခွင့်ရှိသူ ဟုတ် မဟုတ်" ဟူ၍ ဖြစ်သည်။

၎င်းတင်သွင်းလွှာ ပေါ်ပေါက်လာသောအမှုဖြစ်စဉ်ကို ကြည့်လျှင် ၁၃-၈-၂၀၂၀ ရက်စွဲဖြင့် ဦးခင်မောင်ထွန်း ပါ ၅ ဦးက လွှတ်တော်ဥက္ကဋ္ဌထံလိပ်မူ၍ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို အပေါ် စွပ်စွဲပြစ်တင်ချက် တင်ပြလာသဖြင့် ၁၄-၈-၂၀၂၀ ရက်နေ့တွင် လွှတ်တော်ဥက္ကဋ္ဌက စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းသည်၊ ၂၁-၈-၂၀၂၀ ရက်နေ့တွင် ယင်းဖွဲ့စည်းမိန့်ကို ဦးအယ်လ်ဖောင်းရှို က ကန့်ကွက်သည်၊ သို့ရာတွင် ယင်းကန့်ကွက်မှုကို လက်မခံသောကြောင့် ၃၁-၈-၂၀၂၀ ရက်နေ့တွင် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို က ခုံရုံးဥပဒေပုဒ်မ ၁၅ (က) အရ နိုင်ငံတော်သမ္မတထံမှတစ်ဆင့် ၎င်းခုံရုံးသို့ တင်သွင်းလွှာ တင်သွင်းသည်၊ ၁-၉-၂၀၂၀ ရက်နေ့၌ ကျင်းပသော ကယားပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့တွင် ဦးအယ်လ်ဖောင်းရှိုအပေါ် စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ စုံးစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာကို တင်သွင်းကာ ထောက်ခံမဲ ၁၆ မဲ၊ ကန့်ကွက်မဲ ၄ မဲဖြင့် စွပ်စွဲပြစ်တင်ခြင်းကို အတည်ပြုခဲ့သည်၊ ထိုနေ့ ၁-၉-၂၀၂၀ ရက်နေ့မှာပင် လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃ ( င) (၁) အရ အစီရင်ခံခဲ့သည်၊ ၃-၉-၂၀၂၀ ရက်နေ့တွင် ဦးအယ်လ်ဖောင်းရှို အား ကယားပြည်နယ်ဝန်ကြီးချုပ်တာဝန်မှ ရပ်စဲကြောင်း နိုင်ငံတော်သမ္မတက အမိန့်ထုတ်ပြန်ခဲ့သည်ကို တွေ့ရသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၆ (က) အရ ခုံရုံးသို့ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ တင်သွင်းလွှာ တင်သွင်းခွင့်ရှိသူဖြစ်သည်။

သတ်မှတ်ထားသော နည်းလမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေ ပုဒ်မ ၁၅ (က) ၌ အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ဖြစ်လျှင် မိမိ၏တင်သွင်းလွှာကို နိုင်ငံတော်သမ္မတမှ တစ်ဆင့် တင်သွင်းရမည်။"

တင်သွင်းသူ ဦးအယ်လ်ဖောင်းရှို သည် ပြည်နယ်ဝန်ကြီးချုပ်တစ်ဦးဖြစ်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက် ရယူနိုင်ရေးအတွက် တင်သွင်းလွှာကို ၃၁-၈-၂၀၂၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတထံတင်ပြခဲ့၍ နိုင်ငံတော်သမ္မတက ၃-၉-၂၀၂၀ ရက်နေ့တွင် ခုံရုံးသို့ ဆက်လက်ပေးပို့ခဲ့ခြင်း ဖြစ်သည်။ တင်သွင်းသူသည် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ဆဲကာလတွင် တင်သွင်းလွှာကို တင်သွင်းခဲ့ခြင်း ဖြစ်သဖြင့် ခုံရုံးသို့ တင်သွင်းလွှာ တင်သွင်းခွင့်ရှိသူဖြစ်ကြောင်း သုံးသပ်ရရှိသည်။

ဦးအယ်လ်ဖောင်းရှို အား ပြည်နယ်ဝန်ကြီးချုပ်တာဝန်မှ ရပ်စဲထားပြီးဖြစ်၍ ယခုတင်သွင်းလွှာအမှုမှာလည်း ရပ်စဲသွားပြီးဖြစ်သည်ဟု ကောက်ယူနိုင်ကြောင်း၊ ဦးအယ်လ်ဖောင်းရှိုအမည်ဖြင့် ၎င်းရမ်းထားသော ရှေ့နေ သည်လည်း ၎င်းအမှုတွင် လိုက်ပါခွင့်မရှိကြောင်း တင်သွင်းခံရသူက လျှောက်လဲတင်ပြခဲ့သည်။

**ပြည်နယ်ဆိုင်ရာဝန်ကြီးများခန့်ထားခြင်းနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသောပြဿနာကို ဆုံးဖြတ်ချက်ရယူရန် လွှဲအပ်မှု၊ ၁၉၅၈ ခုနှစ် လွှဲအပ်မှုအမှတ် ၂**[၁] တွင် တရားလွှတ်တော်ချုပ်က အောက်ပါ အတိုင်း ဆင်ခြင်သုံးသပ်ခဲ့သည်-

"ဝန်ကြီးစောလူလူနှင့် ဝန်ကြီးဒူးဝါးဇော်ရစ်တို့သည်၊ ပြည်နယ်ကောင်စီအသီးသီး၏ ညီလာခံကို ၁၉၅၈ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့၌ ကျင်းပရန်သတ်မှတ်ဆင့်ခေါ်ပြီးနောက် ဇူလိုင်လ ၃ ရက်နေ့ မွန်းလွဲပိုင်းတွင် နုတ်ထွက်ခဲ့ကြ၍ ၎င်းကိစ္စမှာ ပြီးဆုံးခဲ့သည့်ကိစ္စဖြစ်သည့်အားလျော်စွာ စဉ်းစားဝေဖန်ရန်ပင် မလိုတော့ဟု ယူဆလိုက်သော်လည်း၊ နောင်အခါ ၎င်းကဲ့သို့သော အခြေအနေမျိုးပေါ်ပေါက်လာသဖြင့် အခက်အခဲနှင့် တစ်ဖန်တွေ့ကြုံပါက ပြေပြစ်အောင်ဆောင်ရွက်နိုင်စေရန်အလို့ငှာ၊ ၎င်းကိစ္စကို စဉ်းစားဝေဖန်သင့်ကြောင်းဖြင့် လိုက်ပါဆောင်ရွက်ကြသူ ပညာရှိရှေ့နေကြီးများက လျှောက်ထားကြသည့်အတိုင်း ၎င်းရုံးတော်ကလည်း ကြားနာဝေဖန်ရန် သဘောတူခဲ့သည်။"

အဆိုပါလွှဲအပ်မှု၌ နောင်တွင်အလားတူပြဿနာမျိုး ကြုံတွေ့ပါက အဆင်ပြေစွာဆောင်ရွက်နိုင်ရန်အလို့ငှာ ဝန်ကြီးများနုတ်ထွက်ကြပြီးကိစ္စဖြစ်သော်လည်း လွှဲအပ်မှုကိုဆောင်ရွက်သင့်ကြောင်း ပညာရှိရှေ့နေကြီးများက သဘောညီစွာ တင်ပြခဲ့ကြသကဲ့သို့ နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်းနှင့် တရားဝန်ကြီး နှစ်ပါးပါဝင်သော

၁။ ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၈၁ (၈၅)

တရားလွှတ်တော်ချုပ်ကလည်း အမှုကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။ ယင်းအမှုတွင် ပြည်နယ်ဝန်ကြီးဟောင်းများအတွက် လိုက်ပါဆောင်ရွက်သူမှာ ဒေါက်တာဘမော်ဖြစ်သည်။

ယခုတင်သွင်းလွှာအမှုမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်မှ ပေါ်ပေါက်သောပြဿနာဖြစ်သဖြင့် နောင်အခါတွင် ဤကိစ္စမျိုးပေါ်ပေါက်ပါက ပြေပြစ်စွာဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်ကို ရာထူးမှ ရပ်စဲပြီးဖြစ်သော်လည်း တင်သွင်းလွှာအမှုကို ဝေဖန်စိစစ်လျက် အဆုံးအဖြတ်ပြုထိုက်ကြောင်း ဆင်ခြင်သုံးသပ်သည်။

အထက်ပါ သုံးသပ်ချက်များအရ ဆုံးဖြတ်ရန် ပြဿနာ (၁) နှင့်စပ်လျဉ်း၍ ဦးအယ်လ်ဖောင်းရှိသည် ပြည်နယ်ဝန်ကြီးချုပ်တာဝန်မှ ရပ်စဲခြင်းမခံရမီ တာဝန်ထမ်းဆောင်ဆဲကာလအတွင်း ၃၁-၈-၂၀၂၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတထံမှတစ်ဆင့် တင်သွင်းလွှာကို တင်သွင်းခဲ့ခြင်းဖြစ်သဖြင့် ၎င်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းလွှာ တင်သွင်းခွင့်ရှိသူဖြစ်ကြောင်း ဖြေဆိုလိုက်သည်။

ပြဿနာ (၂) နှင့်စပ်လျဉ်း၍ တင်သွင်းသူ၏ရှေ့နေက ၂၀၀၈ ခုနှစ် အခြေခံဥပဒေတွင် နိုင်ငံတော်သမ္မတအပါအဝင် အုပ်ချုပ်ရေးအကြီးအကဲများ၊ တရားစီရင်ရေးအကြီးအကဲများကို စွပ်စွဲပြစ်တင်ရန်အကြောင်းပေါ်ပေါက်ပါက လိုက်နာရန်ပြဋ္ဌာန်းထားသည့် ပုဒ်မ ၇၁၊ ၂၃၃၊ ၂၃၈၊ ၂၄၃၊ ၃၀၂ နှင့် ၃၃၄ တို့တွင် သက်ဆိုင်ရာလွှတ်တော်၏ ကိုယ်စားလှယ်ဦးရေ လေးပုံတစ်ပုံက အဆိုပြုသော စွပ်စွဲပြစ်တင်ချက်ကို လွှတ်တော်အကြီးအမှူးထံတင်ပြရပြီး စွပ်စွဲချက်ကို ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ် သုံးပုံနှစ်ပုံက ထောက်ခံမှသာ ဆက်လက်အရေးယူရန် ဖော်ပြထားကြောင်း၊ စွပ်စွဲပြစ်တင်ချက်အဆိုကို ဆက်လက်ဆောင်ရွက်ရန်မှာ လွှတ်တော်အကြီးအမှူး၏အာဏာမဟုတ်ကြောင်း၊ လွှတ်တော်ကိုပေးအပ်သည့် အာဏာဖြစ်ကြောင်း၊ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃(ခ) ၌ စွပ်စွဲပြစ်တင်လိုပါက လွှတ်တော်ဥက္ကဋ္ဌထံတင်ပြရန်နှင့် ၂၆၃(ဂ) တွင် လွှတ်တော်ဥက္ကဋ္ဌသည် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးရမည်ဟု လုပ်ငန်းစဉ်အကျဉ်းမျှကိုသာ ဖော်ပြထားသဖြင့် လွှတ်တော်၏ အခွင့်အာဏာကို လွှတ်တော်ဥက္ကဋ္ဌတစ်ဦးတည်းအား ပေးအပ်ထားသည်ဟု ယူဆဖွယ်ဖြစ်နေသည့်အတွက် ပုဒ်မ ၂၆၃(ခ) တွင်ပါရှိသော ပြဋ္ဌာန်းချက်ကို ကိုယ်စားလှယ်စုစုပေါင်း၏ သုံးပုံနှစ်ပုံက ထောက်ခံမှသာ ဆက်လက်ဆောင်ရွက်ရမည်ဟု အဓိပ္ပာယ်ဖွင့်ဆိုပေးရန် လိုအပ်ကြောင်း၊ ယင်းသို့ရှင်းလင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်မရှိခြင်းကြောင့် ယခုဖြစ်စဉ်တွင် လွှတ်တော်ဥက္ကဋ္ဌက တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ လေးပုံတစ်ပုံမပြည့်ဘဲ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်စေသည့် အကျိုးဆက်များဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ အမှန်မှာ အဆိုတစ်ရပ်အဖြစ် လွှတ်တော်သို့ တင်သွင်းသည့် အဆင့်ပင်မရှိခဲ့ကြောင်း စသည်ဖြင့် လျှောက်လဲတင်ပြသည်။

တင်သွင်းခံရသူက နုတ်ထွက်လွှာတင်လာသူ ဦးသိန်းအောင်(ခ)ဦးစဲရယ်သည် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈၄ အရ မိမိမဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသော အများက လေးစားထိုက်သည့်ပုဂ္ဂိုလ်ဖြစ်ခြင်း၊ အခြေခံဥပဒေတွင် စွပ်စွဲပြစ်တင်သူအနေဖြင့် နုတ်ထွက်လိုက နုတ်ထွက်၍ရကြောင်း ပြဋ္ဌာန်းချက်မရှိခြင်း၊ ၎င်း၏လွတ်လပ်သော သဘောဆန္ဒဖြင့် နုတ်ထွက်ခြင်းမဟုတ်ဟု ကောက်ယူရရှိခြင်းတို့ကြောင့် စွပ်စွဲချက်တင်သွင်းသူ လေးပုံတစ်ပုံ ပြည့်မီခြင်းမရှိဟူသော တင်ပြချက်မှာ စွပ်စွဲချက်သက်သက်သာဖြစ်ကြောင်း၊ ယခုကိစ္စပါ ဦးသိန်းအောင်၏ နုတ်ထွက်ခြင်းသည် တရားမဝင်ကြောင်း **မအူပင်မြောက်ပိုင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်အမတ် ဦးဘဦး၏ အမတ်အဖြစ်နုတ်ထွက်လွှာမှ ပေါ်ပေါက်လာသောပြဿနာကို ဆုံးဖြတ်ချက်ရယူရန် လွှဲအပ်မှု၊ ၁၉၅၈ ခုနှစ် လွှဲအပ်မှုအမှတ်(၁)**[၂] ကို ကိုးကား၍ လျှောက်လဲ တင်ပြသည်။

ရုံးတော်သဟာယက ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတွင်းရှိ ဥပဒေအားလုံး၏အခြေခံဖြစ်ပြီး နိုင်ငံ၏ အရေးကြီးသည့် အခြေခံမူများချမှတ်သည့် ဥပဒေဖြစ်သဖြင့် အသေးစိတ်ဖော်ပြ ပြဋ္ဌာန်းခြင်းမပြုနိုင်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆၊ ၉၈၊ ၁၈၈၊ ၁၉၆ ပါကိစ္စရပ်များနှင့်အညီ ဥပဒေများကိုလည်းကောင်း၊ ပုဒ်မ ၉၇၊ ၁၈၉ တို့နှင့်အညီ နည်းဥပဒေများကိုလည်းကောင်း ထုတ်ပြန်ရကြောင်း၊ ဤနည်းဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေနှင့် ကယားပြည်နယ်လွှတ်တော်က ကယားပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ထုတ်ပြန်ခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၉ အရ လွှတ်တော်၏ အဆုံးအဖြတ်ရယူရမည့်ကိစ္စများကို လွှတ်တော်အစည်းအဝေးတွင်သာ

၂။ ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားလွှတ်တော်ချုပ်) စာ-၉၄

ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ကယားပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၃ တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်နယ်ဝန်ကြီးချုပ်ကို စွပ်စွဲပြစ်တင်လိုလျှင် အခြေခံဥပဒေပုဒ်မ ၂၆၃ ပါ ပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော်သို့ အဆိုတစ်ရပ်အဖြစ် တင်သွင်းရန် ပြဋ္ဌာန်းထားကြောင်း၊ အဆိုကို နည်းဥပဒေ ၁၂၅(ခ) အရ ဥက္ကဋ္ဌကသတ်မှတ်ပေးသည့် အစီအစဉ်အတိုင်း လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်ဖြစ်ကြောင်း၊ A law maker should not be law breaker ဆိုသော ဆိုရိုးစကားလည်းရှိသည့်အတွက် အခြေခံဥပဒေပုဒ်မ ၂၆၃(ခ) ကို လက်တွေ့ဆောင်ရွက်ရာတွင် ရှင်းလင်းပြတ်သားမှုရှိစေရန် အဓိပ္ပာယ်ဖွင့်ဆိုသင့်ကြောင်း တင်ပြသည်။

ဆုံးဖြတ်ရန် ပြဿနာ (၂) ပထမပိုင်းမှာ "စွပ်စွဲပြစ်တင်သူ ၅ ဦးအနက် ဦးသိန်းအောင်(ခ)ဦးစဲရယ် နုတ်ထွက်သွားသည့်အတွက် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ အနည်းဆုံးလေးပုံတစ်ပုံပြည့်မီခြင်းမရှိတော့သည့်အခြေအနေတွင် စွပ်စွဲချက်ကို ဆက်လက်စုံစမ်းစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃(ခ) ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်ခြင်း ရှိ မရှိ" ဟူ၍ဖြစ်သည်။

တင်သွင်းခံရသူက ရှင်းလင်းလွှာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ဥပဒေပြုအာဏာပိုင်များက ပြုလုပ်သော ဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခွင့်ရှိကြောင်း၊ သို့ရာတွင် ဥပဒေပြုအာဏာပိုင်များ၏ ဆောင်ရွက်ချက်များကိုမူကား စိစစ်ခွင့်မရှိကြောင်း၊ ယင်းသို့သော စိစစ်ပိုင်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအား အပ်နှင်းထားခြင်းမရှိကြောင်း စီရင်ထုံးအကိုးအကားများနှင့် တင်ပြခဲ့သည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ တင်သွင်းခံရသူ ကိုးကားသော **အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် ပါ ၂၃ ဦးနှင့် ပြည်ထောင်စုလွှတ်တော်**[၃] အမှုတွင် အောက်ပါအတိုင်းလမ်းညွှန်ထားသည်-

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်းလုပ်ငန်းတာဝန်ကို ဥပဒေနှင့်အညီ ဆောင်ရွက်ရာ၌ ဥပဒေပြု အာဏာပိုင်များက ပြဋ္ဌာန်းသည့် ဥပဒေများကို စိစစ်နိုင်သကဲ့သို့ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၏ ဆောင်ရွက်ချက်များကိုလည်း စိစစ်နိုင်ခွင့်ရှိပေသည်။ သို့ရာတွင် ဥပဒေပြုအာဏာပိုင်များ၏ ဆောင်ရွက်ချက်များကိုမူကား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးက စိစစ်ပိုင်ခွင့်မရှိပေ။ ယင်းသို့သော စိစစ်ပိုင်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးအား အပ်နှင်းထားခြင်းမရှိပေ။"

ထို့ပြင် **အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး ပါ ၂၅ ဦးနှင့် ပြည်ထောင်စုလွှတ်တော်**[၄] အမှု၊ **အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် ပါ ၂၅ ဦးနှင့် ပြည်ထောင်စုလွှတ်တော်**[၅] အမှုတို့တွင်လည်း ယင်းမူသဘောကို အစဉ်တစိုက် လိုက်နာဆုံးဖြတ်ခဲ့သည်။

သို့ဖြစ်၍ တင်သွင်းခံရသူ၏ ရှင်းလင်းလွှာပါ တင်ပြချက်ကို လက်ခံသည်။

စွပ်စွဲပြစ်တင်သူ ၅ ဦးအနက် ဦးသိန်းအောင်(ခ)ဦးစဲရယ် နုတ်ထွက်သွားခြင်း အတည်ဖြစ် မဖြစ်ကိစ္စ၊ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ အနည်းဆုံး လေးပုံတစ်ပုံ ပြည့်မီခြင်းမရှိတော့သည့် အခြေအနေတွင် စွပ်စွဲချက်ကို ဆက်လက်စုံစမ်းစစ်ဆေးခြင်းကိစ္စတို့မှာ ဥပဒေပြုအာဏာပိုင်၏ ဆောင်ရွက်ချက်များတွင် အကျုံးဝင်သည်ဖြစ်၍ ခုံရုံးအနေဖြင့် စိစစ်ပိုင်ခွင့်ရှိသော ကိစ္စများမဟုတ်ဟု ဆင်ခြင်သုံးသပ်သည်။

ထို့ကြောင့် ဆုံးဖြတ်ရန်ပြဿနာ (၂) ပထမပိုင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃(ခ)ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်ခြင်းမရှိကြောင်း ဖြေဆိုလိုက်သည်။

ပြဿနာ (၂) ဒုတိယပိုင်းမှာ "အခြားအကြောင်းများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃(ခ)ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်ခြင်း ရှိ မရှိ" ဖြစ်ရာ ယင်းအချက်ကို ဆက်လက်စိစစ်ရန်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃(ခ)ပါ ပြဋ္ဌာန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးတစ်ဦးဦးအပေါ် ဖော်ပြပါ အကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်လိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက လက်မှတ်ရေးထိုးပြီး မိမိတို့၏ စွပ်စွဲချက်ကို သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။"

---

၃။ ၂၀၁၇ ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးစီရင်ထုံးများ၊ စာ-၁
၄။ ၂၀၁၉ ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးစီရင်ထုံးများ၊ စာ-၁
၅။ ၂၀၁၉ ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးစီရင်ထုံးများ၊ စာ-၁၈

ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များတွင် ပြီးပြည့်စုံသော ပြဋ္ဌာန်းချက်နှင့် ပြီးပြည့်စုံခြင်းမရှိသော ပြဋ္ဌာန်းချက်ဟူ၍ နှစ်မျိုးရှိသည်။ တစ်နည်းအားဖြင့် ကိုယ်တွင်းပြည့် အကောင်အထည်ဖော်နိုင်သည့် ပြီးပြည့်စုံသော အခြေခံဥပဒေဆိုင်ရာပြဋ္ဌာန်းချက် (self-executing constitutional provision) နှင့် ကိုယ်တွင်းပြည့် အကောင်အထည်မဖော်နိုင်သည့် ပြီးပြည့်စုံခြင်းမရှိသော အခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက် (non-self executing constitutional provision) တို့ဖြစ်သည်။ [ N.S Bindra's The Interpretation of Statutes (Fifth Edition) P.757 တွင်ကြည့်ပါ ]

ပြီးပြည့်စုံသော ပြဋ္ဌာန်းချက်ဆိုသည်မှာ အခြားဥပဒေပြဋ္ဌာန်းချက်တစ်ရပ်၏ အထောက်အကူမပါဘဲ ဥပဒေတွင် ပေးအပ်ထားသည့်အခွင့်အရေးကို ရရှိခံစားစေရန်လည်းကောင်း၊ ချမှတ်ထားသောတာဝန်ကို မဖြစ်မနေ ထမ်းရွက်စေရန်လည်းကောင်း လုံလောက်သော စည်းကမ်းနည်းလမ်းများ ထည့်သွင်းထားသည့် ပြဋ္ဌာန်းချက်ဖြစ်သည်။ နောက်ထပ် ဥပဒေတစ်ရပ် ဖြည့်စွက်ပြဋ္ဌာန်းမှသာ အကျိုးသက်ရောက်မှုရှိနိုင်မည်ဖြစ်လျှင် ယင်းပြဋ္ဌာန်းချက်သည် ပြီးပြည့်စုံခြင်းမရှိသော ပြဋ္ဌာန်းချက်ဖြစ်သည်။

၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ မပြဋ္ဌာန်းမီ ၂၀၁၀ ပြည့်နှစ်၌ ပြဋ္ဌာန်းခဲ့သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ၏နိဒါန်းတွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်ရန်လိုအပ်သည့်လုပ်ငန်းရပ်များကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆောင်ရွက်ပေးရန် ပြဋ္ဌာန်းထားသည့်အလျောက် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကို ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ လွှတ်တော်အသီးသီးပေါ်ပေါက်လာသည့်အခါတွင် ဆောင်ရွက်ရန် ရှိသောလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်လည်းကောင်း သက်ဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းရန်လိုအပ်လာပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ ခေါ်ယူ ကျင်းပရာတွင် လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့်အညီ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။"

ယင်းနိဒါန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်အသီးသီးပေါ်ပေါက်လာသည့်အခါ၌ ဆောင်ရွက်ရန်ရှိသောလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းရန်လိုအပ်ကြောင်း ဖော်ပြထားပြီး ဆက်လက်၍ ဥပဒေများကိုသာမက နည်းဥပဒေများကိုပါ ပြဋ္ဌာန်း ပေးထားသည်ကို ထောက်ရှုခြင်းအားဖြင့် အခြေခံဥပဒေပုဒ်မ ၂၆၃ သည် ပြီးပြည့်စုံသော ပြဋ္ဌာန်းချက်တစ်ရပ် ဖြစ်သည်ဟု မဆိုနိုင်ကြောင်း ကောက်ယူရပေမည်။

ထို့ပြင် **ပြည်နယ်ဝန်ကြီးများ ခန့်ထားခြင်းနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသော ပြဿနာကို ဆုံးဖြတ်ချက်ယူရန် လွှဲအပ်မှု၊ ၁၉၅၈ ခုနှစ် လွှဲအပ်မှုအတွက် ၂**[၁] ၌ အခြေခံဥပဒေ၏ သဘောသဘာဝကို အောက်ပါအတိုင်း ဖွင့်ဆိုညွှန်ပြထားသည်-

"အခြေခံဥပဒေ ဆိုသည်မှာ ပစ္စုန်ပ္ပန်ကာလအတွက်သာ ခေတ္တတည်မြဲသော ဥပဒေမျိုးမဟုတ်။ နောင်လာလတ္တံ့သော အနာဂတ်၌ ပေါ်ပေါက်မည့်မှုခင်းကိစ္စအဝဝအတွက်လည်း အာဏာတည်ရမည် ဖြစ်သဖြင့် နောင်ဖြစ်ပေါ်မည့်ကိစ္စတိုင်းအတွက် အသေးစိတ်အားဖြင့် ပြဋ္ဌာန်းခြင်း မပြုနိုင်ပေ။ ယခုကဲ့သို့ မမျှော်လင့်သော အခက်အခဲမျိုးပေါ်ပေါက်လာသောအခါ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး စသည်တို့ဆိတ်သုဉ်းခြင်း မဖြစ်ရလေအောင် အဓိပ္ပာယ်ကောက်ယူ၍ ဆောင်ရွက်ရမည်ဖြစ်သည်ကို သတိချပ်ရပေမည်။"

ယင်းစီရင်ထုံးလမ်းညွှန်ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် အနာဂတ်၌ ပေါ်ပေါက်လာမည့် ကိစ္စတိုင်းအတွက် အသေးစိတ် ပြဋ္ဌာန်းခြင်းမပြုနိုင်သောကြောင့် မမျှော်လင့်သော ပြဿနာများ ကြုံတွေ့ လာသည့်အခါ ကောင်းမြတ်သော ရည်ရွယ်ချက်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုကောက်ယူရန် လိုအပ်ကြောင်း ဆင်ခြင် သုံးသပ်ရပေမည်။

၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၃(ခ) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

"ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်၏ အနက်အဓိပ္ပာယ်ကို ယင်းဥပဒေကိုပြုသည့် အာဏာပိုင်အဖွဲ့အစည်း၏ ရည်ရွယ်ချက်နှင့် ကိုက်ညီအောင် ဖွင့်ဆိုစေရမည်။"

အခြေခံဥပဒေပုဒ်မ ၂၆၃(ခ) ပါ အကြောင်းအရာဖြစ်သော ပြည်နယ်ဝန်ကြီးချုပ်ကို စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်း၍ ဥပဒေပြုသည့်အဖွဲ့အစည်း၏ ရည်ရွယ်ချက်ကို သိရှိနိုင်ရန် ကျွန်ုပ်တို့သည် အမျိုးသားညီလာခံဆိုင်ရာ စာတမ်းများကို လေ့လာကြည့်ရှုခဲ့ကြသည်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုတို့အတွက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ၏ ရှင်းလင်းပြောကြားချက် အပြည့်အစုံ (၂-၉-၁၉၉၄)** စာအုပ် စာမျက်နှာ ၁၀၀၊ ၁၀၁ တွင်အောက်ပါ အတိုင်းတွေ့ရှိရသည်-

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီး၏ အရည်အချင်းပျက်ယွင်းခြင်းဆိုတဲ့ အကြောင်းတစ်ရပ်ရပ်ကြောင့် စွပ်စွဲပြစ်တင်နိုင်ခွင့် ရှိရပါမယ်။

အဲဒီလို စွပ်စွဲပြစ်တင်ရာမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်တွင် လွှတ်တော်တစ်ရပ်တည်း ရှိတဲ့အတွက် ပြည်ထောင်စုအဆင့်တွင် လွှတ်တော်နှစ်ရပ်ရှိသကဲ့သို့ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများအား စွပ်စွဲပြစ်တင်တဲ့နည်းလမ်းများအတိုင်း ဆောင်ရွက်နိုင်မှာမဟုတ်တဲ့အတွက် သီးခြားနည်းလမ်းများ သတ်မှတ်ထားရန် လိုအပ်မှာဖြစ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးတစ်ဦးဦးအပေါ် ရှင်းလင်းပြောကြားခဲ့တဲ့ အကြောင်းတစ်ရပ်ရပ်နဲ့ စွပ်စွဲပြစ်တင်လိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက လက်မှတ်ရေးထိုးပြီး မိမိတို့ရဲ့ စွပ်စွဲချက်ကို သက်ဆိုင်ရာလွှတ်တော်သဘာပတိထံ တင်ပြရပါမယ်။

ယင်းစွပ်စွဲချက်ကို သက်ဆိုင်ရာလွှတ်တော်သဘာပတိက စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးရပါမယ်"

ကျွန်ုပ်တို့သည် စွပ်စွဲပြစ်တင်ခြင်းနှင့်သက်ဆိုင်သည့် ကျင့်သုံးပုံစနစ်ကို ကျယ်ပြန့်စွာသိရှိနိုင်ရန် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့၏ လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကိုလည်းကောင်း လေ့လာကြည့်ရှုခဲ့ကြသည်။ အဆိုပါ ဥပဒေ၊ နည်းဥပဒေများ၌ ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးတစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်ချက်အဆိုကို တင်ပြလာပါက ယင်းအဆိုကို အတည်ပြု မပြု လွှတ်တော်၏အဆုံးအဖြတ်ကို ဦးစွာရယူကြောင်း လေ့လာတွေ့ရှိရပေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကို စွပ်စွဲပြစ်တင်ခြင်းအတွက် ပုဒ်မ ၂၆၃ ကို ပြဋ္ဌာန်းပေးထားပြီး ကျင့်သုံးပုံနည်းလမ်းအဖြစ် ၂၀၁၀ ပြည့်နှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၇ ကို ပြဋ္ဌာန်းခဲ့သည်။

၂၀၁၀ ပြည့်နှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများ နည်းဥပဒေ ၁၁၇ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

"လွှတ်တော်ကိုယ်စားလှယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကိုဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးကိုဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများကိုဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ကိုဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်ကို ဖြစ်စေ စွပ်စွဲပြစ်တင်လိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃ နှင့် ၃၁၁ တို့ပါ သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်သို့ အဆိုတစ်ရပ်အဖြစ် တင်သွင်းဆောင်ရွက်ခွင့်ရှိသည်။"

၂၀၁၄ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေကို အစားထိုးပြဋ္ဌာန်းလိုက်သည့်အခါ၌ ယခင်နည်းဥပဒေ ၁၁၇ ကို နည်းဥပဒေ ၁၂၃ အဖြစ် ပြန်လည်ပြဋ္ဌာန်းခဲ့သည်။ ယခင် နည်းဥပဒေ ၁၁၇ နှင့် ယခုနည်းဥပဒေ ၁၂၃ နှစ်ရပ်လုံးတွင် "စွပ်စွဲပြစ်တင်လိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃ နှင့် ၃၁၁ တို့ပါ သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်သို့ အဆိုတစ်ရပ်အဖြစ် တင်သွင်းဆောင်ရွက်ခွင့်ရှိသည်" ဟူ၍ ပါရှိသည်။

သို့ဖြစ်ရာ စွပ်စွဲပြစ်တင်ရန် အကြောင်းပေါ်ပေါက်လာ၍ အခြေခံဥပဒေပုဒ်မ ၂၆၃ အရ ဆောင်ရွက်မည်ဆိုပါက ယင်းဥပဒေပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်ရမည့်အပြင် ယင်းပုဒ်မကိုညွှန်း၍ ပြဋ္ဌာန်းထားသော ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပြဋ္ဌာန်းချက်ကိုပါ ယှဉ်တွဲကိုးကားမှသာ မှန်ကန်ပြည့်စုံပေလိမ့်မည်။ အခြေခံဥပဒေပြဋ္ဌာန်းချက်ကို ရည်ညွှန်း၍ ပြဋ္ဌာန်းထားသော ကျင့်သုံးရမည့် နည်းဥပဒေတစ်ရပ်ကို ပစ်ပယ်ကာ အချည်းနှီးဖြစ်စေမည်ဆိုပါက အခြေခံဥပဒေ၏ ရည်ရွယ်ချက်ကို ဖော်ဆောင်နိုင်လိမ့်မည် မဟုတ်ဟု ကျွန်ုပ်တို့ယူဆသည်။

ဤအကြောင်းအရာနှင့်အလားတူကိစ္စမျိုးဖြစ်သည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများကို တာဝန်မှ ရုပ်သိမ်းရန်ရှိပါက ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်များကို ကယားပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများတွင် နည်းဥပဒေ ၇၃ မှ ၉၅ အထိ၌ ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။ ယင်းလုပ်ငန်းစဉ် ပြဋ္ဌာန်းချက်များအရ တာဝန်မှရုပ်သိမ်းရန်အဆိုကို လွှတ်တော်ကိုယ်စားလှယ် လေးပုံတစ်ပုံက တင်သွင်းရပြီး ယင်းအဆိုကို သုံးပုံနှစ်ပုံ ထောက်ခံမဲဖြင့် အတည်ပြုပါမှ ဆက်လက်အရေးယူ ဆောင်ရွက်ရန် ဖြစ်ကြောင်းတွေ့ရသည်။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌနှစ်ဦးလုံးအား တာဝန်မှ ရုပ်သိမ်းရန် အဆိုဖြစ်ပါက လွှတ်တော်ရုံး အကြီးအမှူးက သဘာပတိ ရွေးကောက်တင်မြှောက်ကာ ဆောင်ရွက်ကြရသည်။

အခြေခံဥပဒေပြဋ္ဌာန်းချက်ကို အဓိပ္ပာယ်ကောက်ယူရာတွင် အခြေခံဥပဒေရေးဆွဲသူများ၏ ရည်ရွယ်ချက်နှင့် ညီညွတ်စေရန်လည်းကောင်း၊ ယင်းရည်ရွယ်ချက်ကို ဖော်ဆောင်ရာဖြစ်သည့် ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို အဟောသိကံ မဖြစ်စေရန်လည်းကောင်း၊ စွပ်စွဲပြစ်တင်ခြင်း၊ တာဝန်မှရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ နည်းဥပဒေတစ်ရပ်တည်းတွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်တစ်ခုနှင့်တစ်ခု ကွဲလွဲမှုမရှိဘဲ ညီညွတ်စေရန်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃(ခ)ကို အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်သည်ဟု သုံးသပ်သည်။ အထူးအားဖြင့် စွပ်စွဲပြစ်တင်ခြင်းကို လွှတ်တော်သို့ အဆိုတစ်ရပ်အဖြစ် တင်သွင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ထင်ရှားစေရန်အလို့ငှာ အခြေခံဥပဒေပုဒ်မ ၂၆၃(ခ)ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်ကြောင်းကောက်ယူသည်။

ထို့ကြောင့် ဆုံးဖြတ်ရန်ပြဿနာ(၂) ဒုတိယပိုင်းနှင့်စပ်လျဉ်း၍ အခြားအကြောင်းများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃(ခ)ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်ကြောင်း ဖြေဆိုလိုက်သည်။

ပြဿနာ(၃) နှင့်စပ်လျဉ်း၍ တင်သွင်းသူက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃(ဂ)တွင် စုံစမ်းစစ်ဆေးခြင်းကိစ္စကို ယေဘုယျသဘောမျှသာ ဖော်ပြထားကြောင်း၊ ပြည်ထောင်စုအဆင့် အကြီးအကဲများကို စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၃၊ ၂၃၈၊ ၃၀၂(ဂ)နှင့် ၃၃၄ တို့တွင် ဆောင်ရွက်ရန်နည်းလမ်းများကို ဖော်ပြရာ၌ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတတို့အပေါ် စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်ဖြစ်သည့် ပုဒ်မ ၇၁ ကို ရည်ညွှန်းထားကြောင်း၊ ယင်းပုဒ်မများတွင် စွပ်စွဲပြစ်တင်သူများသည် စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် မည်သို့မျှပါဝင်ခွင့်မရအောင် ရှင်းလင်းစွာပြဋ္ဌာန်းထားကြောင်း၊ စွပ်စွဲပြစ်တင်သူသည် စုံစမ်းစစ်ဆေးသူ မဖြစ်စေရေးအတွက် အနှစ်သာရအားဖြင့် ရှင်းလင်းပြီးဖြစ်ကြောင်း၊ ယခုအမှု၌ လွှတ်တော်ဥက္ကဋ္ဌက စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင် ၅ ဦးတွင် စွပ်စွဲသူ ၃ ဦးပါဝင်စေလျက် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ပြဋ္ဌာန်းထားသည့်ဥပဒေတွင် စွပ်စွဲသူများမပါဝင်စေရဟူ၍ ဖော်ပြထားခြင်းမရှိဟူသော အကြောင်းပြချက်ဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသို့ရှင်းလင်းမှုမရှိသော ပြဋ္ဌာန်းချက်ကြောင့် သဘာဝတရားမျှတမှုကင်းခြင်း၊ ဘက်လိုက်မှုကင်းခြင်းမူသဘောများနှင့် ဆန့်ကျင်ပြီး သာနာညီမျှခြင်း၊ တရားမျှတခြင်း၊ စိတ်ကောင်းစေတနာရှိခြင်းဟူသည့် ထာဝရလိုက်နာကျင့်သုံးအပ်သော ထုံးနည်းမူဘောင်တို့ကို မျက်ကွယ်ပြုသည့်ဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ကြောင်း၊ ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၃(ဂ)ပါ ပြဋ္ဌာန်းချက်ကိုလည်းကောင်း၊ **၁၉၅၈ ခုနှစ် လွှဲအပ်မှုအမှတ် ၂[၁] နှင့် ဦးအုန်းခင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု**[၆] စီရင်ထုံးများကိုလည်းကောင်း ရည်ညွှန်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃(ဂ)ကို လိုက်နာဆောင်ရွက်ရာတွင် ရှင်းလင်းမှုရှိစေရန် အနက်အဓိပ္ပာယ် ဖွင့်ဆိုပေးသင့်ကြောင်း စသည်ဖြင့်လျှောက်လဲတင်ပြသည်။

တင်သွင်းခံရသူက ကယားပြည်နယ်လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် ၂၀ ဦးသာရှိကြောင်း၊ ယင်းတို့တွင် လွှတ်တော်နှင့်အစိုးရအဖွဲ့တို့၌ အမြဲတမ်းတာဝန်ထမ်းဆောင်နေသူများပါဝင်ကြောင်း၊ စွပ်စွဲချက် တင်သွင်းရမည့်ကိုယ်စားလှယ်ဦးရေအနည်းဆုံး မည်မျှရှိရမည်ဖြစ်ကြောင်း ကန့်သတ်ထားသော်လည်း အများဆုံး မည်မျှထက်မပိုရဟု ကန့်သတ်မထားကြောင်း၊ ၁၀ ဦးထက်မနည်းသော ကိုယ်စားလှယ်များက စွပ်စွဲပြစ်တင်မည်

၆။ ၁၉၅၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (ရုံးချုပ်)၊ စာ-၂၂၆

ဆိုပါက စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် စွပ်စွဲပြစ်တင်သူများထဲမှ ပုဂ္ဂိုလ်များကိုပါ မဖြစ်မနေ ထည့်သွင်းဖွဲ့စည်းရမည့် အနေအထားဖြစ်ကြောင်း၊ အမှန်တကယ်လိုအပ်ပါက လွှတ်တော်အဆင့်ဆင့်ဥပဒေ၊ နည်းဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းရန်သာဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်ခြင်းမရှိကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေ ၁၂၉ တို့တွင်လည်း စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာကိစ္စနှင့် စပ်လျဉ်း၍ အသေးစိတ်ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ ပြည်နယ်လွှတ်တော်အနေဖြင့် ဥပဒေပါပြဋ္ဌာန်းချက်ကို တိကျစွာ လိုက်နာဆောင်ရွက်အကောင်အထည်ဖော်ခဲ့ကြောင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာသည် စုံစမ်းထောက်လှမ်းသည့်အဆင့်သာဖြစ်ပြီး လွှတ်တော်၏ဆုံးဖြတ်ချက်သည်သာ အဓိကဖြစ်ကြောင်း၊ သို့ဖြစ်၍ ကယားပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ချက်များသည် ဒီမိုကရေစီ ကျင့်စဉ်အရဖြစ်စေ၊ ဥပဒေအရဖြစ်စေ မှန်ကန်မှုရှိကြောင်း၊ ပြည်ထောင်စုအဆင့် အကြီးအကဲများနှင့် ပြည်နယ်၊ တိုင်းဒေသကြီး တရားသူကြီးများကို စွပ်စွဲပြစ်တင်လိုပါက လိုက်နာရသည့် ပြဋ္ဌာန်းချက်များမှာ ဤပုဒ်မ ၂၆၃ နှင့် ခြားနားမှုများစွာမရှိကြောင်း၊ သို့ဖြစ်ရာ ပုဒ်မ ၂၆၃ ကို အဓိပ္ပာယ်ဖွင့်ဆိုမည်ဆိုပါက အခြားဆက်စပ်သည့် ပုဒ်မအားလုံးကိုပါ အဓိပ္ပာယ်ဖွင့်ဆို ရမည်ဖြစ်သည်ကို ထည့်သွင်းစဉ်းစားသင့်ကြောင်း အဓိကအားဖြင့် လျှောက်လဲတင်ပြသည်။

ရုံးတော်သဟာယက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃(ဂ) အရ ဖွဲ့စည်းသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် စွပ်စွဲပြစ်တင်သူများဖြစ်ကြသည့် ဦးသဲရယ်၊ ဦးခင်မောင်ထွန်းနှင့် ဦးစိုးရယ်တို့ကို အဖွဲ့ဝင်အဖြစ် ထည့်သွင်း ဖွဲ့စည်းခဲ့ကြောင်း၊ ၂၆-၈-၂၀၂၀ ရက်နေ့တွင် ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ရှင်းလင်းချေပမည့် ဦးအုံ့မော်က စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် စွပ်စွဲပြစ်တင်သူ ၃ ဦး ထည့်သွင်းဖွဲ့စည်းထားသည့်အတွက် အဆိုပါ ၃ ဦးကို လဲလှယ်ပေးရန် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ ညှိနှိုင်းအကြောင်းကြားခဲ့သော်လည်း စုံစမ်းစစ်ဆေးရေးအစီရင်ခံစာကို ၂၈-၈-၂၀၂၀ ရက်နေ့တွင် တင်သွင်းခဲ့သည်ကို ရှင်းလင်းလွှာနှင့် ပူးတွဲပါစာရွက်စာတမ်းများအရ တွေ့ရှိရကြောင်း၊ လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဖော်ပြသော ကယားပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၁(ဖ)၌ ‘ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းထားခြင်းမရှိသောကိစ္စများ ပေါ်ပေါက်လာလျှင်သော်လည်းကောင်း၊ ဤနည်းဥပဒေများအတိုင်း ဆောင်ရွက်ရာတွင် အခက်အခဲတစ်ရပ်နှင့် ကြုံတွေ့ရလျှင်သော်လည်းကောင်း ယင်းအခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ ဆောင်ရွက်ခြင်း’ဟု ပြဋ္ဌာန်း ထားကြောင်း၊ ယခုကိစ္စသည် နည်းဥပဒေ ၃၁(ဖ)အရ လွှတ်တော်၏အဆုံးအဖြတ်ကို ရယူရမည့်ကိစ္စဖြစ်သည်ဟု သုံးသပ်ရရှိကြောင်း၊ ဥပဒေဆိုရိုးများတွင် မိမိ၏အမှုအခင်းကို မိမိမစီရင်ရခြင်း၊ မိမိအကျိုးသက်ဆိုင်သောကိစ္စကို မိမိမဆုံးဖြတ်ရခြင်း၊ ဖြောင့်မတ်စွာ စီရင်ရန်အတွက် တစ်ဖက်လူ၏ အယူအဆနှင့် အဖြစ်အပျက်ကို တင်ပြခွင့် ပေးလျက် နှစ်ဖက်ကြားနာရခြင်းတို့မှာ အဓိကကျသောအချက်များဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၁၈၄(ဂ) နှင့် ၁၉၄(ဂ)(၂)၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၄ တို့တွင်လည်း တရားမျှတစွာ ဆောင်ရွက်ရမည့် မူသဘောထားကို တွေ့ရှိရကြောင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့၌ စွပ်စွဲပြစ်တင်သူ ၃ ဦး ထည့်သွင်းထားသည်ကို ပြင်ဆင်ခြင်းမပြုဘဲ ဆက်လက်စစ်ဆေးခြင်းသည် သဘာဝတရားမျှတမှု စည်းမျဉ်း များနှင့် ကိုက်ညီမှုမရှိသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃(ဂ)ကို လက်တွေ့ဆောင်ရွက်ရာတွင် ရှင်းလင်း ပြတ်သားမှုရှိစေရေးအတွက် အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးသင့်ကြောင်း စသည်ဖြင့် တင်ပြသည်။

နှစ်ဖက်တင်ပြသော စာရွက်စာတမ်း အထောက်အထားများအရ ၁၃-၈-၂၀၂၀ ရက်နေ့တွင် စွပ်စွဲပြစ်တင်သူ ၅ ဦးတို့က စွပ်စွဲပြစ်တင်ချက်ကို လွှတ်တော်ဥက္ကဋ္ဌထံတင်ပြ၍ ၁၄-၈-၂၀၂၀ ရက်နေ့တွင် လွှတ်တော်ဥက္ကဋ္ဌက စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုသို့ဖွဲ့စည်းရာ၌ စွပ်စွဲပြစ်တင်ရာတွင် ပါဝင်သူများ ဖြစ်ကြသည့် ဦးသဲရယ် ကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစိုးရယ် ကို အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဦးခင်မောင်ထွန်း ကို အတွင်းရေးမှူးအဖြစ်လည်းကောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် ထည့်သွင်းဖွဲ့စည်းခဲ့သည်။ ၂၁-၈-၂၀၂၀ ရက်နေ့တွင် ဦးအယ်လ်ဖောင်းရှို က စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ပယ်ဖျက်ပေးရန် ကန့်ကွက်လွှာတင်သွင်းသည်။ သို့သော် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကန့်ကွက်လွှာကို လက်မခံဘဲ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃(ဂ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဖွဲ့စည်းခြင်းဖြစ်ကြောင်း၂၄-၈-၂၀၂၀ ရက်နေ့တွင် အကြောင်းပြန်ကြားခဲ့ပြီး စုံစမ်းစစ်ဆေးခြင်းကိစ္စကို ဆက်လက်ဆောင်ရွက်ကြောင်းတွေ့ရသည်။ ဤသည်တို့ကား ယခုတင်သွင်းလွှာ ပေါ်ပေါက်လာစေသော နောက်ခံအကြောင်းအချက်အချို့ဖြစ်သည်။

ပြဿနာ(၃) ပထမပိုင်းမှာ “ဦးအယ်လ်ဖောင်းရှို့အပေါ်စွပ်စွဲပြစ်တင်ချက်ကို စုံစမ်းစစ်ဆေးနိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် စွပ်စွဲပြစ်တင်ရာတွင်ပါဝင်သည့် လွှတ်တော်ကိုယ်စားလှယ် ၃ ဦးကို

စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် ထည့်သွင်းဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ် ၂၆၃(ဂ)ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်ခြင်း ရှိ မရှိ” ဟူ၍ဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သော စီရင်ထုံးများပါ လမ်းညွှန် မူသဘောများအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် လွှတ်တော်ဥက္ကဋ္ဌ၏ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ လွှတ်တော်၏ဆောင်ရွက်ချက်များကိုလည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရန် အကြောင်းမရှိချေ။

ထို့ကြောင့် ဆုံးဖြတ်ရန်ပြဿနာ(၃) ပထမပိုင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၂၆၃(ဂ)ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်ခြင်းမရှိကြောင်း ဖြေဆိုလိုက်သည်။

ပြဿနာ(၃) ဒုတိယပိုင်းကို ဆက်လက်သုံးသပ်ရန်ရှိသည်။

ပြဿနာ(၃) ဒုတိယပိုင်းမှာ “အခြားအကြောင်းများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃(ဂ)ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်ခြင်း ရှိ မရှိ” ဟူ၍ ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃(ဂ) ပြဋ္ဌာန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

“သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌသည် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးစေရမည်။ စုံစမ်းစစ်ဆေးရမည့် လုပ်ငန်းပမာဏကို ထောက်ရှု၍ စုံစမ်းစစ်ဆေးမှု ပြီးစီးရမည့်ကာလကိုလည်း သတ်မှတ်ပေးရမည်။”

ယင်းပြဋ္ဌာန်းချက်တွင် လွှတ်တော်ဥက္ကဋ္ဌက စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းနိုင်ကြောင်းကိုသာ ဖော်ပြထားပြီး မည်သည့်ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းရမည်ဟူသော ဖော်ပြချက် မပါရှိချေ။

အခြေခံဥပဒေပုဒ်မ ၂၆၃(ဂ)ပါ ပြဋ္ဌာန်းချက်တွင် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်၏ အရည်အချင်း သတ်မှတ်ချက်မပါရှိသောကြောင့် လွှတ်တော်ကိုယ်စားလှယ်များအပြင် အခြားမည်သူကိုမဆို ထည့်သွင်း ဖွဲ့စည်းနိုင်သည့်သဘော သက်ရောက်လျက်ရှိသည်ကို တွေ့ရသည်။

အဆင့်ဆင့်သော ဥပဒေပြုအဖွဲ့အစည်းများသည် စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ စုံစမ်းစစ်ဆေးမည့်အဖွဲ့ဝင်များအား ထိုကဲ့သို့ အရည်အချင်း သတ်မှတ်ချက်မထားဘဲ အလွတ်သဘောထားကာ ဖွဲ့စည်းစေလိုသော ရည်ရွယ်ချက်မျိုးရှိသည်ဟူ၍ကား ဆိုနိုင်မည်မဟုတ်ချေ။

စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းခြင်းကိစ္စ၌ ထားရှိသော ဥပဒေပြုအာဏာပိုင်တို့၏ သဘောထားကို အောက်ပါပြဋ္ဌာန်းချက်များတွင် တွေ့မြင်နိုင်ပေသည်-

(၁) နိုင်ငံတော်သမ္မတကိုဖြစ်စေ၊ ဒုတိယသမ္မတတစ်ဦးဦးကိုဖြစ်စေ စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၁(ဃ)တွင် စုံစမ်းစစ်ဆေးခြင်းကိစ္စအတွက် “လွှတ်တော်တစ်ရပ်ရပ်က စွပ်စွဲချက်ကို အရေးယူဆောင်ရွက်ရန် ထောက်ခံလျှင် အခြားလွှတ်တော် တစ်ရပ်က ယင်းစွပ်စွဲချက်ကို အဖွဲ့ဖွဲ့၍ စုံစမ်းစစ်ဆေးရမည်”ဟု စည်းကမ်းသတ်မှတ်ထားသည်။

(၂) ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအား စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၂(ခ)(၃)၌ “စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်စေပြီး ယင်းအဖွဲ့ဝင်များထဲမှ သင့်လျော်သူတစ်ဦးဦးကို စုံစမ်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးရမည်”ဟု စည်းကမ်းသတ်မှတ်ထားသည်။

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအား တာဝန်မှ ရုပ်သိမ်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်ဖြစ်သည့် ၂၀၁၀ ပြည့်နှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၇၄(က) တွင် “စုံစမ်းစစ်ဆေးရန်သင့်လျော်သော လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဥက္ကဋ္ဌတာဝန် ယာယီထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌက ဖွဲ့စည်းရမည်”ဟု စည်းကမ်းသတ်မှတ်ထားသည်။

(၄) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယလွှတ်တော်ဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်ဖြစ်သည့် ၂၀၁၄ ခုနှစ် ကယားပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၈၀(က)တွင် “စုံစမ်းစစ်ဆေးရန် သင့်လျော်သော လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဥက္ကဋ္ဌတာဝန်ယာယီထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌက ဖွဲ့စည်းရမည်”ဟု စည်းကမ်းသတ်မှတ်ထားသည်။

ဆိုခဲ့သည့် သာဓကများကို ထောက်ရှုပါက ဥပဒေပြုအာဏာပိုင်များသည် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းကိစ္စ၌ လျော်ကန်သော စည်းကမ်းချက်များ သတ်မှတ်ထားရှိလိုသော သဘောဆန္ဒရှိကြကြောင်း တွေ့မြင်နိုင်သည်။

အကြောင်းကိစ္စအလျောက် ဆီလျော်သော စည်းကမ်းသတ်မှတ်ချက်များ ထားရှိခြင်းအားဖြင့် မှန်ကန်မျှတသော အကျိုးရလဒ်ကောင်းများ ရရှိနိုင်မည်ဆိုသောအချက်ကို အငြင်းပွားဖွယ် မရှိပေ။

ဆိုခဲ့သည့် သာဓကများအနက် သာဓက(၁) နှင့် (၂) တို့မှာ ပြည်ထောင်စုအဆင့်နှင့်သက်ဆိုင်သော်လည်း ယခုတင်သွင်းလွှာအမှုအတွက် အနှစ်သာရမူသဘောအားဖြင့် မှီငြမ်းသုံးစွဲနိုင်ပေသည်။ သာဓက(၃) နှင့် (၄) တို့မှာ ပြည်နယ် သို့မဟုတ် တိုင်းအဆင့်နှင့် သက်ဆိုင်သောကြောင့် ယင်းပြဋ္ဌာန်းချက်များပါ စည်းကမ်းချက်များကို ယခုတင်သွင်းလွှာအမှုအတွက် တိုက်ရိုက်အားဖြင့် မှီငြမ်းသုံးစွဲနိုင်ဖွယ်ရှိကြောင်း သဘောရသည်။

သာဓက(၂)ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၂(ခ)(၃)မှ "သင့်လျော်သူ" ဟူသောစကားရပ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားချက်၌ "Suitable member" ဟု ဘာသာပြန်သည်။ မြန်မာစာအဖွဲ့၏ အင်္ဂလိပ်-မြန်မာ အဘိဓာန်တွင် Suitable ကို "ကောင်းသော၊ သင့်မြတ်သော၊ သင့်တင့်သော၊ သင့်လျော်သော၊ သင့်တော်သော၊ လျော်ကန်သော" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့အတွက် စည်းကမ်းချက်သတ်မှတ်ရာတွင် "သင့်လျော်သော"ဟူသော ဝေါဟာရကို သုံးစွဲမည်ဆိုပါက ယင်းစကားရပ်၌ ပါဝင်သင့်၊ ပါဝင်ထိုက်သူများဟူသော အဓိပ္ပာယ်သာမက ယင်းစကားရပ်၏ ကျယ်ဝန်းသော နယ်ပယ်အတွင်း၌ ဘက်လိုက်မှုကင်းသော၊ ဖြောင့်မတ်မှန်ကန်သော ဟူသည့် အဓိပ္ပာယ်များလည်း အကျုံးဝင် သက်ရောက်နိုင်ပေသည်။

ထို့ပြင် စုံစမ်းစစ်ဆေးရေးအဖွဲ့ဟူသည် စုံစမ်းစစ်ဆေးမှု၏ တရားသူကြီးများပင်ဖြစ်သဖြင့် 'သင့်လျော်သော' ဟူသည့် စကားရပ်၌ မြန်မာနိုင်ငံတရားဥပဒေများဆိုင်ရာ အက်ဥပဒေပုဒ်မ ၁၃(၃)တွင်ပါရှိသော 'တရားမျှတ၍ သာနာညီမျှစွာ စိတ်ကောင်းစေတနာဖြင့် ဆုံးဖြတ်နိုင်စွမ်းသော' ဟူသည့် သဘောအဓိပ္ပာယ်များလည်း အကြောင်းကိစ္စအလျောက် အကျုံးဝင်သက်ရောက်နိုင်ဖွယ်ရှိသည်။

သို့ဖြစ်ရာ ပုဒ်မ ၂၆၃(ဂ) အရ ဆောင်ရွက်ရာ၌ ပြည်ထောင်စုအဆင့်တွင် ဆောင်ရွက်ရန် ပြဋ္ဌာန်းထားသည့် စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းမှု ပြဋ္ဌာန်းချက်နှင့်လည်းကောင်း၊ ပြည်နယ် သို့မဟုတ် တိုင်းအဆင့်မှ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများအား တာဝန်မှရုပ်သိမ်းခြင်းဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းမှု ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်စေသင့်သည်ဟု သုံးသပ်သည်။

ထို့ကြောင့် ဆုံးဖြတ်ရန် ပြဿနာ(၃) ဒုတိယပိုင်းကို အခြားအကြောင်းများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃(ဂ)ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်ကြောင်း ဖြေဆိုလိုက်သည်။

အထက်ပါ ဖြေဆိုချက်များအရ အောက်ပါဆုံးဖြတ်ချက်ကို ချမှတ်သည်-

## ဆုံးဖြတ်ချက်

ဤတင်သွင်းလွှာကို ခွင့်ပြုသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃(ခ)နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးတစ်ဦးဦးအပေါ် ဖော်ပြပါအကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်လိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံးလေးပုံ တစ်ပုံက လက်မှတ်ရေးထိုးပြီး မိမိတို့၏ စွပ်စွဲချက်ကို သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌထံမှတစ်ဆင့် လွှတ်တော်သို့ အဆိုတစ်ရပ်အဖြစ် တင်သွင်းရမည်ဟု အနက်အဓိပ္ပာယ် ဖွင့်ဆိုလိုက်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃(ဂ)နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌသည် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို သင့်လျော်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်း၍ စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးစေရမည်ဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုလိုက်သည်။

မျိုးညွန့်
ဥက္ကဋ္ဌ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၀၄/၂၀၂၀)

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၅ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဒေါ်ဌေးဌေးဝင်း ကို ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၁) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၀၅/၂၀၂၀)

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးဝင်းခိုင် ကို ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၁) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၃ ရက်)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း**

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၆) ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၀) ၏ သဘောတူညီချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ဖွဲ့စည်းပုံတွင် အရာထမ်းရာထူး (၇) နေရာ၊ အမှုထမ်းရာထူး (၁၀) နေရာ စုစုပေါင်းရာထူး (၁၇) နေရာပါဝင်သော e-Government ဌာနကို ထည့်သွင်းဖွဲ့စည်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဖွဲ့စည်းပုံအား အရာထမ်းရာထူး (၆၂၂) နေရာ၊ အမှုထမ်းရာထူး (၁၉၆၁) နေရာ စုစုပေါင်းရာထူး (၂၅၈၃) နေရာဖြင့် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

( ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက် )

**ဧရာဝတီတိုင်းဒေသကြီးရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်း**

၁။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အငြင်းပွားမှု/ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက အချိန်တိုအတွင်း ညှိနှိုင်းဆောင်ရွက်ဖြေရှင်းနိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) **ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးအောင်မြင့် | ဥက္ကဋ္ဌ ၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးခင်မောင်ဝင်း | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးမောင်ဦး | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးခင်မြင့်စိုး | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဒေါ်လှလှမွန် | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဒေါ်အေးအေးသွင် | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးစောထွန်းဝင်း | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ထွေ/အုပ်) | အဖွဲ့ဝင် |
| (၈) | ဦးလှမျိုးအောင် | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပြန်/ဆက်) | အဖွဲ့ဝင် |
| (၉) | ဦးမျိုးဇော် | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၀) | ဦးဝင်းခိုင် | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(လဝက) | အဖွဲ့ဝင် |
| (၁၁) | ဦးကျော်ဝင်း | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပညာရေး) | အဖွဲ့ဝင် |
| (၁၂) | Dr. သန်းထွန်းအောင် | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကျန်းမာရေး) | အဖွဲ့ဝင် |
| (၁၃) | ဒေါ်ခင်ခင်နွယ် | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ဥပဒေ) | အဖွဲ့ဝင် |
| (၁၄) | ဦးအေးကို | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၅) | ဦးဘုန်းလွင် | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စည်ပင်) | အဖွဲ့ဝင် |
| (၁၆) | ဦးဝင်းနိုင် | ညီညွတ်သောဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဒေါ်ခင်လှဌေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးပြုံးချို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၉) | ဒေါ်တင်နီလာမိုး | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးလူမင်း | ပြည်သူ့ပါတီ | အဖွဲ့ဝင် |
| (၂၁) | ဦးကျော်ကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | အဖွဲ့ဝင် |
| (၂၂) | ဦးထွန်းရီ | မြန်မာနိုင်ငံတောင်သူလယ်သမား၊ အလုပ်သမား ပြည်သူ့ပါတီ | အဖွဲ့ဝင် |
| (၂၃) | ဦးအုန်းသောင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၂၄) | မန်းသန်းဌေးအောင် | ကရင်ပြည်သူ့ပါတီ | အဖွဲ့ဝင် |
| (၂၅) | ဦးဝင်းဌေး | ကရင်အမျိုးသားပါတီ | အဖွဲ့ဝင် |
| (၂၆) | ဦးစိုးမြင့် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၇) | ဦးမောင်မောင် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၈) | ဦးဝင်းမြင့် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၉) | ဒေါ်မြင့်မြင့်မေ | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၃၀) | ဦးတင်စိုး | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၃၁) | ဦးမြင့်နိုင် | အတွင်းရေးမှူး၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၃၂) | ဦးရဲခေါင် | လက်ထောက်ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး | တွဲဖက်အတွင်းရေးမှူး |

## (ခ) ပုသိမ်ခရိုင် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ

| | | | |
|---|---|---|---|
| (၁) | ဦးတင့်လွင် | ဥက္ကဋ္ဌ ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးဌေးဝင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးကျော်လှမိုး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဒေါ်နုနုအေး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဒေါ်နွဲ့နွဲ့ရီ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးခင်မောင်ဝင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးမင်းသက်နိုင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ထွေ/အုပ်) | အဖွဲ့ဝင် |
| (၈) | ဒေါ်ခင်စန္ဒာဆွေ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပြန်/ဆက်) | အဖွဲ့ဝင် |
| (၉) | ဦးဝင်းစိုး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၀) | ဦးခင်မောင်မြင့် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (လဝက) | အဖွဲ့ဝင် |
| (၁၁) | Dr.စုစုလှိုင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပညာရေး) | အဖွဲ့ဝင် |
| (၁၂) | Dr.မြတ်မင်းထွန်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကျန်းမာရေး) | အဖွဲ့ဝင် |
| (၁၃) | ဦးအောင်သန်းရွှေ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဥပဒေ) | အဖွဲ့ဝင် |
| (၁၄) | ဒေါ်ကြည်ကြည်ဝေ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၅) | ဦးကျော်စိုး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စည်ပင်) | အဖွဲ့ဝင် |
| (၁၆) | ဦးနိုင်ဝင်းကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးညီညီအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးအုန်းသောင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးထွန်းရီ | မြန်မာနိုင်ငံတောင်သူလယ်သမား၊ အလုပ်သမား ပြည်သူ့ပါတီ | အဖွဲ့ဝင် |
| (၂၀) | စဒါနီအဲတွန်း သိန်းကြည် | ကရင်ပြည်သူ့ပါတီ | အဖွဲ့ဝင် |
| (၂၁) | ဒေါ်စန်းသီတာ | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | အဖွဲ့ဝင် |
| (၂၂) | ဦးခင်မောင်သန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | အဖွဲ့ဝင် |
| (၂၃) | ဦးမျိုးအောင် | ညီညွတ်သောဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၂၄) | မိနုခင် | အမျိုးသမီးပါတီ(မွန်) | အဖွဲ့ဝင် |
| (၂၅) | ဦးဇော်မင်းနိုင် | လူ့ဘောင်သစ်ပါတီ | အဖွဲ့ဝင် |
| (၂၆) | ဦးမြင့်ဇော် | ရခိုင်အမျိုးသားပါတီ | အဖွဲ့ဝင် |
